မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၈)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အထူးကိုယ်စားလှယ် Dr. Nafis Sadik အား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက် တို့တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများ အထူးကိုယ်စားလှယ် Dr. Nafis Sadik နှင့်အတူ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူး Mr.Charles James Petric နှင့် ကုလသမဂ္ဂခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်း ညှိနှိုင်းရေးမှူး Mr. Briam Willams တို့လည်း တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် လျှောက်လှမ်း

နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မဖိတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ် ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန် ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ–

မြန်မာ့အလင်း

(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

❒ **ပြည်ထောင်စု၏နိမိတ်ပုံ** — စိုးမိုး(ပုသိမ်)၏ ကဗျာ (စာ–၃)

❒ **တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ်ကြီးများကို ဦးလည်မသုန် အရှိန်အဟုန်မြင့်မြင့်ဖြင့် မျက်ခြည်မပြတ် ဖော်ဆောင်ပေးနေသည်။**

သီဟအောင်၏ဆောင်းပါး (စာ–၈၊ ၁၀ နှင့် ၁၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအထူးကိုယ်စားလှယ် Dr. Nafis Sadik နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

နိုင်ငံတော်၏ အနာဂတ် ခေတ်မီရှင်သန်ရေး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးရေးကို အဓိကအခြေခံ၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။ မျက်မှောက်ကာလတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ စက်မှုလက်မှုကဏ္ဍသည် နှစ်စဉ်တိုးတက်မှု ၂၀ ရာခိုင်နှုန်းကျော်ဖြင့် အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးလျက်ရှိရာ၌ ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အထူးဦးစားပေး လမ်းဖွင့်ဖော်ဆောင်ပေးလျက်ရှိသည်။ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများသည် အရွယ်အစားအရ သေးငယ်သော်လည်း နိုင်ငံတစ်ဝန်း ဖြန့်ကြက်အကောင်အထည်ဖော်ပေးခဲ့သဖြင့် အရေအတွက်သာမက ထုတ်လုပ်မှုပမာဏပါ တိုးတက်မြင့်မားလာခဲ့သည်။

စက်မှုကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်က အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီကို သီးခြားဖွဲ့စည်းတာဝန်ပေးပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ဆက်လက်မြှင့်တင် ဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ အားပေးမှုကိုရယူ၍ ပုဂ္ဂလိက အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ အရည်အသွေး အဆင့်အတန်းရှိလာရေး၊ ခေတ်မီနည်းပညာတိုးချဲ့သုံးစွဲလာရေး စသည်ဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် ဝိုင်းဝန်းတွန်းတင်ပေးကြရမည် ဖြစ်သည်။

ယင်းသို့ ဝိုင်းဝန်းတွန်းတင်ရာ၌ ဖွဲ့စည်းထူထောင်ပြီးဖြစ်သော ပုဂ္ဂလိကစက်မှုဇုန်များကို အခြေခံအားပြုရမည် ဖြစ်သည်။ စက်မှုဇုန်အလိုက် တည်ရှိနေသည့် အတတ်ပညာစွမ်းအားနှင့် ငွေကြေးအင်အားတို့အပေါ်မူတည်၍ စက်မှုဇုန်အားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်စေရန် လက်တွေ့ကျကျ ဖော်ဆောင်ကြရမည် ဖြစ်သည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ၁၉၉၅ခုနှစ်မှစ၍ စက်မှုဇုန်များ ထူထောင်ပေးခဲ့ရာ ယခုအခါ စက်မှုဇုန် ၁၉ဇုန်အထိ ရှိလာခဲ့ပြီဖြစ်သည်။ စက်မှုဇုန်များ၌ လုပ်သားပေါင်း ၁၅၀၀၀၀ကျော် အလုပ်အကိုင် အခွင့်အလမ်းများကို တိုးတက်ရရှိနေကြပြီဖြစ်သည်။ ၂၀၀၄-၂၀၀၅ခုနှစ်တွင် အဓိက ထုတ်ကုန် အမယ်သစ်(အမည်သစ်)များကိုလည်း တီထွင်ကြံဆ ထုတ်လုပ်လာနိုင်ပြီ ဖြစ်သည်။

ယခုအခါ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်းကို ခေတ်မီတိုးတက်စေရန်အတွက် မန္တလေး၊ မုံရွာနှင့် တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီ သံရည်ကျို၊ ပုံလောင်း၊ ပုံဖိ၊ သံခုတ်စားအလုပ်ရုံများကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ထူထောင်ဆောင်ရွက်လျက်ရှိရာ လာမည့်ဧပြီလကုန်ပိုင်းတွင် စက်များ စတင်လည်ပတ်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ခေတ်မီစက်များ ထူထောင်နိုင်ခြင်းသည် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် စက်မှုကဏ္ဍ အလှည့်အပြောင်း ဖြစ်ပေါ်တိုးတက်မှုပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများအတွက် အရည်အသွေး အဆင့်အတန်းအရ မြင့်မားလာတော့မည့် အနာဂတ်အလားအလာကောင်းများဟု ဆိုရမည်ဖြစ်ပေသည်။

ထို့ကြောင့် အောင်မြင်ဖြစ်ထွန်းနေသည့် လက်တွန်းထွန်စက် ထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းသုံး ကုန်တင်ယာဉ်ငယ် ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုလုပ်ငန်း၊ ဘတ်စ်ကားနှင့် ကုန်တင်ကား ထုတ်လုပ်မှုလုပ်ငန်းတို့ကို သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများအဖြစ် ပီပီပြင်ပြင် ပိုမိုတိုးတက်လာစေရန် ဝိုင်းဝန်းအားပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏ အနာဂတ် ခေတ်မီရှင်သန်မည်ဆိုသည့် ခံယူချက်ဖြင့် စက်မှုကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းတပ်မြို့နယ် ခ္ဓီးရိန်-အွယ်ရေး-စပ်ကောက်-ရမ်ပန်း ကျေးရွာချင်းဆက် လမ်းဖွင့်ပွဲကျင်းပ

သာသနာရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများနှင့် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက်က မင်းတပ်မြို့နယ် ခ္ဓီးရိန်စံပြကျေးရွာသို့ရောက်ရှိပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ခ္ဓီးရိန်-အွယ်ရေး-စပ်ကောက်-ရမ်ပန်း ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ လမ်းအရှည် ၁၁မိုင်ရှိ မြေသားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ခ္ဓီးရိန်ကျေးရွာအတွင်း မွေးမြူထားသော နွားနောက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ထိုမှတစ်ဆင့် မသုမ်နူးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းကို ကြည့်ရှုသည်။ ထို့နောက် ပလိပ်တွီကျေးရွာသို့ ရောက်ရှိ၍ တောင်ပုလုမင်္ဂလာသီရိကျောင်း(၂) ဆရာတော် ဦးနိမလနှင့် ဦးနန္ဒဝန်တို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်တွင် ခ္ဓီးရိန်စံပြကျေးရွာအတွင်း စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် မင်းတပ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ ရောက်ရှိ၍ ဗဟိုကျောင်း ဆရာတော်ဘဒ္ဒန္တ ခေမိန္ဒအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် တောင်ပုလု ပရိယတ္တိပဋိပတ္တိတိုက်ခွဲသို့ ရောက်ရှိ၍ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသီရိအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်များပေးအပ်လှူဒါန်းသည်။

အလှူငွေများ ပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လိမ္မဆန်ကျေးရွာသို့ ရောက်ရှိပြီး မိုင် ၇၀ရှည် မင်းတပ်-အောင့်ချိုင့်-ဆာဒူး-မကွီအိမ်နူးလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထိုမှတစ်ဆင့် မင်းတပ်-ရစ်-တွီလီ-မုန်းချောင်းလမ်း ဖောက်လုပ်ပြီးစီးနေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ ရစ်ကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကူညီပံ့ပိုးငွေနှင့်ဒေသခံ ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်သည့် ရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲသို့ တက်ရောက်ကာ အထိမ်းအမှတ်ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားများအတွက် အလှူရှင် ဒေါ်သီတာဇော် လှူဒါန်းသော ရောင်စုံရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တုစလောင်း တစ်စုံကို တာဝန် ရှိသူများထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်သည် ကစားဖော်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ရုံးအဖွဲ့မှူး ဦးပေါ်လွင်စိန်တို့နှင့်အတူ ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ဒဂုံဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားရာ Nike Ballကို King Cobra Bafiler တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၆ ကိုက် အကွာတွင်ရှိသော ကျင်းအမှတ်(၆)သို့ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (တတိယနှစ်-စိတ်ပညာ) Frequency Distribution.
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၁၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၄၂)ဇာတ်သိမ်းပိုင်း

ဖေဖော်ဝါရီ ၇ရက်က ရန်ကုန်တိုင်း လှိုင်မြို့နယ် အေးရိပ်မွန်(၁)လမ်း၊ တိုက်(၁၄)၊ အခန်း၃၀၆ နေ အလှူရှင် ဦးခင်မောင်မြင့်-ဒေါ်မိမိခိုင်တို့က သမီးဆုမြတ်ပြည့်စုံ (ခ)ဆုဆု၏ လေးနှစ်ပြည့် မွေးနေ့အဖြစ် လှိုင်မြို့နယ် မူလတန်းကြိုကျောင်း အမှတ်(၂)ရှိ ကလေးငယ်များအား အာဟာရ ကျွေးမွေးစဉ်။ (က-ပ)

ပန်းပေါင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗာရာမဝိပဿနာကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ပန်းပွင့်ခုနစ်ကုဋေ ပန်းပေါင်းဘုရားကြီးနှင့် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၃၊၁၄၊၁၅ (ဖေဖော်ဝါရီ ၂၁ ရက်၊၂၂ ရက်၊၂၃ ရက်) သုံးရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ထမနဲဆွမ်းဆက်ကပ်ခြင်းတို့ဖြင့် ပူဇော်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၁၄ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အထူးကိုယ်စားလှယ် Dr. Nafis Sadikအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိဧည့်ဂေဟာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အမိန့်ဩဝါဒ

စည်းလုံးခြင်းသည် အင်အား

"တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့်မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

(၉)ကြိမ်မြောက် ထမနဲပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းက ကြီးမှူး၍ (၉)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်၆၈ စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မကျောင်း မြက်ခင်းပြင်တွင် ဖေဖော်ဝါရီ၂၂ရက် (အင်္ဂါနေ့) ညနေ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကဗျာ

ပြည်ထောင်စု၏ နိမိတ်ပုံ

* အရှေ့အနောက်၊ တောင်နှင့်မြောက်တည့်
ထက်အောက်ဝဲယာ၊ စုန်ဆန်ကာလျှင်
မြန်မာနိုင်ငံ၊ တစ်နံတစ်လျား
လှည့်လည်သွားတိုင်း
စပါးဆန်ရေ၊ ပေါပြည့်ပေလျက်
ရွှေမှုန်ငွေခက်၊ ကြဲ၍ပက်သို့
စက်စက်ဝင်းဝင်း၊ မြလယ်ကွင်းနှင့်
အိုင်အင်းတင့်တယ်၊ မြစ်ပြင်ကျယ်နှင့်
ပင်လယ်၏လှိုင်း၊ ငွေသင်တိုင်းကို
မြင်တိုင်းငါ့မှာ၊ ကျူးရင့်ပါသည်
"ဒါ ငါတို့ပြေ ငါတို့မြေ"။
"ဒို့ ဘိုးဘွားအမွေ အစစ်ပေ"။

* ငါတို့မြေကား၊ တိုင်းရင်းသားတို့
ချစ်အားတူမျှ၊ ခိုလှုံကြလျက်
ဒေသမျိုးစုံ၊ လူမျိုးစုံသည်
ပန်းရုံရိပ်မှာ၊ လဝန်းသာသို့
ရိုးရာစုစု၊ ယဉ်ကျေးမှုလျှင်
နုလည်း နုယဉ်၊ လွင်လည်း လွင်သန့်
ခံ့လည်း ခံ့ညား၊ ရိုးသားသိမ်မွေ့
ဓလေ့မျိုးစုံ၊ မြင်ရတုံသော်
ရင်ခုန်မက်စွဲ၊ ပါဝင်နွဲလျက်
ရဲမာန်ဦးစွာ၊ ကျူးရင့်ပါသည်
"ဒါ ဒို့လူမျိုး ဂုဏ်မညှိုး"။
"နှစ်ပေါင်းရှည်ကြာ ချစ်မြတ်နိုး"။

* ဩော်- - -
ဒို့မျိုးဒို့ပြည်၊ အဓွန့်ရှည်အောင်
ဒို့ပြည်ထောင်တွင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းလက်တွဲ၊ ခိုင်ခိုင်မြဲ၍
ရဲမာန်ခြိမ်းခြိမ်း၊ ဇွဲမာန်ဟိန်းလျက်
ထိန်းသိမ်းကွယ်ကာ၊ စောင့်ရှောက်ရာသည်
မြန်မာ၏ဂုဏ် ဇာတိဂုဏ်။
ပြည်တွင်းအားကိုး အမြဲယုံ။
ပြည်ထောင်စု၏ နိမိတ်ပုံ။ ။

စိုးမိုး(ပုသိမ်)

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ပြပွဲသတ္တမနေ့ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သတ္တမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း၄၇၀၀ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ဗဟိုပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများပြကွက်၊ ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်း ပြကွက်၊ မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်နှင့် မျက်မှောက်ခေတ်နိုင်ငံရေး၊ လူမှုရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု ပြကွက်တို့ကို စနစ်တကျ ခင်းကျင်းပြသထားသည်။

အလားတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပြခန်းတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်၊ တိုင်းအလိုက် ဖွံ့ဖြိုးမှုမှတ်တမ်းဓာတ်ပုံများ စသည်တို့ကို ကဏ္ဍအလိုက် ခင်းကျင်းပြသထားသည်။

ပြပွဲကို ဖေဖော်ဝါရီ၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီအတွင်း တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသထားရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့စစ်ရေးပြတပ်ခွဲများ၏ စစ်ရေးပြလေ့ကျင့်သရုပ်ပြသခြင်း ဝန်ကြီးဗိုလ်ချုပ်စိန်ထွားကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် နဝဒေးအားကစားပြိုင်ကွင်းအတွင်းသို့ ရောက်ရှိလာပြီး နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ(၂)ခွဲ၏ စစ်ရေးပြ လေ့ကျင့်သရုပ်ပြသခြင်းကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့ မီးသတ်တပ်ဖွဲ့ဝင်များ၏ စစ်ရေးပြ လေ့ကျင့်သရုပ်ပြသခြင်းကို ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မှာကြား

ဝန်ကြီးသည် လေ့ကျင့်လျက်ရှိသော မီးသတ်တပ်ဖွဲ့ဝင်များအား ကျန်းမာရေးဂရုပြုရန်၊ စည်းကမ်းလိုက်နာရန်၊ စစ်ရေးပြစွမ်းရည်ပြည့်မီစွာ ဆောင်ရွက်ရန်နှင့် အခြားအုပ်ချုပ်မှု ကိစ္စရပ်များအတွက် လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၇ ရက် (အဖိတ်နေ့)
၁၅-၂-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ကျောက်ကြီးပေါက်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားအစီအစဉ် ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆:၅၅ ၅။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၀၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၁၅ ၈။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၆၈)
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ တပ်မတော်အစိုးရ၏ မပြောင်းမလဲ ခိုင်မြဲသော စီးပွားရေးနဲ့ ဒီမိုကရေစီ ထူထောင်ရေးဦးတည်ချက်
၁၉:၂၀ ၁၂။ **အမျိုးသားညီလာခံဂုဏ်ပြုတေး**
၁၉:၃၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၄၀ ၁၄။ ကြေးမုံရိပ်သွင်တေးနယဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၃၉)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဖွံ့ဖြိုးမှုဆိုင်ရာ သိပ္ပံအယူအဆ ပြည့်ပြည့်ဝဝအကောင်အထည်ဖော် ဒေသအရာရှိများအား တရုတ်သမ္မတဟူကျင်တောင် တိုက်တွန်းပြောကြား

ပေကျင်း ဖေဖော်ဝါရီ ၁၃

ဖွံ့ဖြိုးမှုဆိုင်ရာ သိပ္ပံအယူအဆကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ပြီး သာမန်ပြည်သူများ၏ အခြေခံအကျိုးစီးပွားများကို ကာကွယ်သွားရန်နှင့် သဟဇာတဖြစ်ပြီး ချမ်းသာမှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်သွားရန် တရုတ်သမ္မတဟူကျင်တောင်က ဒေသအရာရှိများကို တိုက်တွန်းလိုက်သည်။ သမ္မတဟူကျင်တောင်သည် တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်း ကူကျို့ပြည်နယ်သို့ ငါးရက်ကြာ ခရီးပြီးဆုံးချိန်၌ ထိုသို့တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံ၏ အစဉ်အလာအရ မိသားစုပြန်လည်တွေ့ဆုံသည့် အားလပ်ရက်ဖြစ်သော နွေဦးရာသီပွဲတော်အတွင်း သမ္မတဟူကျင်တောင်သည် တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ တောင်ကုန်းဒေသများနှင့် တိုင်းရင်းသားပေါင်းစုံရှိရာ ကူကျို့ပြည်နယ်သို့ ခရီးထွက်ခဲ့ပြီး ဒေသခံတောင်သူ လယ်သမားများ၊ အလုပ်သမားများ၊ မီးသတ်ဝန်ထမ်းများနှင့်အတူ အားလပ်ရက်ကို ကုန်လွန်စေခဲ့သည်။ ထို့ပြင်သမ္မတဟူသည် လူမျိုးစုကျေးရွာများ၊ မြို့ပြအသိုင်းအဝိုင်းများ၊ ဆောက်လုပ်ရေး ဒေသများအပြင် ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီတစ်ခုသို့လည်း သွားရောက်လည်ပတ် လေ့လာခဲ့သည်။

ပြောကြား

ခရီးစဉ်အတွင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် စီပီစီ၏ ပြည်နယ်ရေးရာကော်မတီအစီရင်ခံစာတို့ကို ကြားနာခဲ့ပြီး အရေးကြီးသော မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

အရေးကြီး

ဖွံ့ဖြိုးမှုသိပ္ပံ အယူအဆသည် စီးပွားရေးအားဖြင့် ဖွံ့ဖြိုးပြီးသော ဒေသများအတွက် အရေးကြီးရုံသာမက စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျသည့် ဒေသများအတွက်လည်း အရေးကြီးကြောင်း သမ္မတဟူက ပြောကြားသည်။

တွန်းအားပေး

တရုတ်နိုင်ငံ၏ အနောက်ပိုင်းဒေသများ ဖွံ့ဖြိုးရေးကို ဗဟိုအစိုးရက ဆက်လက်တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သမ္မတဟူက ဆက်လက် ပြောကြားခဲ့သည်။

တိုက်တွန်း

မဟာစီးပွားရေးထိန်းချုပ်မှုမူဝါဒများ တိုးတက်ခိုင်မာစေရန်၊ စီးပွားရေး ပုံသဏ္ဌာန်များကို အရှိန်မြှင့်တင်ပြန်လည် ကိုက်ညှိရန်၊ စီးပွားရေးတိုးတက်မှု နည်းလမ်းကိုပြောင်းလဲရန်၊ ရေရှည်ဖွံ့ဖြိုးမှု မဟာဗျူဟာကို စွဲမြဲထားရန် ဒေသအရာရှိများအား သမ္မတဟူက တိုက်တွန်းခဲ့သည်။

ကြိုးပမ်းရန်

ထို့ပြင် သမ္မတဟူက စိုက်ပျိုးရေးဖွံ့ဖြိုးမှု မူဝါဒများ တည်ငြိမ်ပြီး ခိုင်မာမှုရှိစေရန်၊ သီးနှံအထွက်တိုးရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးပမ်းအားထုတ်ရန်အပြင် တောင်သူလယ်သမားများ၏ ဝင်ငွေများ တိုးတက်စေရန်အတွက် လုပ်ဆောင်သွားရန် ဒေသအရာရှိများကို ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အရန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ တရုတ်၌ ယမန်နှစ်ကရှာဖွေတွေ့ရှိခဲ့

ပေကျင်း ဖေဖော်ဝါရီ ၁၃

တရုတ်နိုင်ငံသည် အဓိက ရေနံကုမ္ပဏီကြီးသုံးခု၏ ကြိုးပမ်းမှုကြောင့် ၂၀၀၄ ခုနှစ်က အရန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမို ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ကြေညာသည်။

၂၀၀၄ ခုနှစ်တွင် တရုတ်အမျိုးသားဓာတုထုတ်ကုန်ကော်ပိုရေးရှင်း စီအင်ပီစီက အရန်ရေနံတွင်းသစ်များမှ ရေနံတန်ချိန် သန်း ၅၂၀ နှင့် ဒေသခြောက်ခုတွင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၄၃ ဒသမ ၆ ဘီလီယံကို တွေ့ရှိခဲ့ကြောင်း ပြည်သူ့နေ့စဉ်သတင်းစာက ဖော်ပြသည်။

စီနိုပက်ကုမ္ပဏီကလည်း ယမန်နှစ်က ရေနံတန်ချိန်သန်း ၃၂၈ သန်းနှင့် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၇၇ ဒသမ ၉ ဘီလီယံ တွေ့ရှိခဲ့သည်ဟု ဆိုသည်။ တရုတ်အမျိုးသားကမ်းလွန်ရေနံကော်ပိုရေးရှင်းကလည်း ရေနံလုပ်ကွက် အသစ်နှစ်ခုကို တွေ့ရှိထားသည်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံ၏အကြီးမားဆုံးစက်မှုပြပွဲ ဖေဖော်ဝါရီ ၂၄ ရက်၌ ခင်းကျင်းပြသမည်

ဗန်ကောက် ဖေဖော်ဝါရီ ၁၃

ထိုင်းနိုင်ငံသည် ဗန်ကောက်နိုင်ငံတကာ ကုန်စည်ပြပွဲ ဗဟို(ဘီအိုင်တီအီးစီ)ဌာန၌ ဖေဖော်ဝါရီ ၂၄ရက်မှ ၂၇ရက်အထိ ထိုင်းနိုင်ငံ၏ အကြီးဆုံးစက်မှုပြပွဲတစ်ရပ်ကို ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းစက်မှုပြပွဲကြီးသည် ဘတ်သန်း ၅၂၀(အမေရိကန်ဒေါ်လာ ၁၃သန်း) ဖိုးရှိ စက်ပစ္စည်းများကို ရောင်းချမည်ဖြစ်ကြောင်း၊ ဈေးနှုန်းမှာ ၂၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချမည်ဖြစ်ကြောင်း စက်မှုကုန်စည်ပြပွဲ ၂၀၀၅ပြပွဲမန်နေဂျာ ဒမ်ရီနန်ဖာရာ ပြောကြားချက်ကို ထိုင်းသတင်းဌာနက သောကြာနေ့၌ ကိုးကားဖော်ပြသည်။ ယင်းစက်မှုပြပွဲကြီးတွင် ကားပစ္စည်းများ၊ လေကြောင်းနှင့် ရေကြောင်းဆိုင်ရာစက်ပစ္စည်းများ အပါအဝင် အမျိုးအမည်ပေါင်း ၁၀၀၀ ကျော် ပြသမည်ဖြစ်ကြောင်း ဒမ်ရီက ပြောကြားသည်။

စက်မှုပြပွဲကြီးသို့ လာရောက်ကြည့်ရှုသူများသည် နောက်ဆုံးပေါ် နည်းပညာများဖြင့် ပြုလုပ်ထားသော စက်ပစ္စည်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အားကစားနှင့် ကားပြိုင်ပွဲများလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေးကဏ္ဍအဖြစ် ခေတ်ပေါ်အဆိုကျော်များနှင့် ရုပ်ရှင်သရုပ်ဆောင်များက ဖျော်ဖြေ တင်ဆက်မည်ဖြစ်ကြောင်း ဒမ်ရီက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီမှ အသစ် ထုတ်လုပ်လိုက်သည့် နုတ်ဘုတ်ကွန်ပျူတာကို ဝန်ထမ်းတစ်ဦး ဖေဖော်ဝါရီ ၁၃ ရက်က ပြသနေစဉ်။

(၎င်းနုတ်ဘုတ်ကွန်ပျူတာသည် တီဗွီထုတ်လွှင့်မှုကို ဖမ်းယူနိုင်ကြောင်း ဆမ်ဆောင်းကုမ္ပဏီမှ ပြောကြားသည်။)

(ဓာတ်ပုံ-အင်တာနက်)



အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဒဏ်ရာဖြင့်သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံ ဘာလက်ဒ်မြို့၌ အင်္ဂါနေ့က သေနတ်ဒဏ်ရာရရှိခဲ့သည့် အမေရိကန်အမှတ် (၁) ထောက်ပံ့ရေးတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ရရှိခဲ့သော ဒဏ်ရာဖြင့် ဗုဒ္ဓဟူးနေ့က သေဆုံးသွားသည်ဟု အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

သေဆုံးသူတပ်ဖွဲ့ဝင်၏ အမည်ကိုထုတ်ပြန်ခြင်းမပြုသေးဘဲရှိပြီး ဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

သေဆုံး

ထိုနေ့အစောပိုင်း၌ အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၆ ရက်၌ မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးလက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်း ကြေညာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ ဒဏ်ရာရရှိခဲ့သော အီရတ်လူငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယား၏ စီးပွားရေးတည်ငြိမ် ဆင်းရဲမှုလျှော့ချရေး အောင်မြင်မှုရရှိဟုဆို

ဖနောင်ပင် ဖေဖော်ဝါရီ ၁၃

ကမ္ဘောဒီးယားအစိုးရသည် လွန်ခဲ့သော နှစ်များက အသေးစားစီးပွားရေး တည်ငြိမ်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အောင်မြင်မှုရရှိခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်ဆင်က သောကြာနေ့၌ ပြောကြားလိုက်သည်။

လွန်ခဲ့သော ငါးနှစ်တာကာလက ကမ္ဘောဒီးယား နိုင်ငံ၏ စီးပွားရေးသည် တစ်နှစ်ပျမ်းမျှ ၆ ဒသမ ၈ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုကိုလည်း ၁၉၉၃ခုနှစ်က ၁၅၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ရာတွင် သုံးရာခိုင်နှုန်း ထက်လျော့ကျသွားကြောင်း၊ ဆင်းရဲနွမ်းပါးမှုကိုလည်း ၁၉၈၀ ပြည့်လွန်နှစ်များက ၄၉ရာခိုင်နှုန်းရှိရာမှ ၁၉၉၀ပြည့်လွန်နှစ်များတွင် ၃၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ထို့အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာလည်း တည်ငြိမ်မှုရှိကြောင်း၊ ပြည်တွင်းအခွန်ကောက်ယူမှုသည် ခြောက်ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ခဲ့သည်ကို မိမိတို့ ရှင်းလင်းစွာ တွေ့မြင်နိုင်ကြောင်း၊ ပြည့်ဝသောငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်ပေါင်းစည်းခြင်းနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၏ အနာဂတ်အရဏ်သစ်ဆီသို့ ဦးတည်ဝင်ရောက်လာပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားတွင် ခြင်နှိမ်နင်းရေး ဆောင်ရွက်မည်

ဂျကာတာ ဖေဖော်ဝါရီ ၁၃

အင်ဒိုနီးရှားနိုင်ငံတွင် ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများဖြင့် လူ ၁၂၀ခန့် သေဆုံးခဲ့ရာ ယင်းကဲ့သို့ ခြင်ကြောင့်ဖြစ်ပွားသော အဖျားရောဂါတို့မှ ကာကွယ်ရန် နိုင်ငံတစ်ဝန်းတွင် လာမည့်သီတင်းပတ်မှ စတင်၍ ခြင်နှိမ်နင်းရေး အစီစဉ်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျကာတာဆေးရုံတစ်ခုသို့ ခြင်ကြောင့်ဖြစ်ပွားသော အဖျားရောဂါဖြင့် ရောက်ရှိလာသော လူနာများကြောင့် နိုင်ငံတစ်ဝန်းတွင် ခြင်နှိမ်နင်းရေးဆောင်ရွက်ရန် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုက ဆုံးဖြတ်ဖြစ်ခဲ့ကြောင်း နေ့စဉ်ထုတ် ဂျကာတာပို့စ်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

ပြောကြား

ဂျကာတာမြို့ရှိ ရောဂါဖြစ်ပွားရာနေရာများနှင့် ခြင်ပေါက်ဖွားသည့်နေရာများကို ကာကွယ်မှုနှင့် ရှင်းလင်းမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီး ဆူပါရီက ပြောကြားသည်။

ဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက ခြင်ကြောင့် ရောဂါဖြစ်ပွားသူ ၂၀၀၀ ရှိပြီး ယင်းတို့မှ လူ ၂၈၀ သေဆုံးခဲ့ရမှုနှင့် နှိုင်းယှဉ် လျှင် ယခုနှစ်၌ စုစုပေါင်း ရောဂါဖြစ်ပွားသူ ၅၀၆၄ ဦးရှိပြီး ယင်းတို့မှ လူ ၁၂၀ သေဆုံးခဲ့ရကြောင်း တရားဝင်စာရင်းဇယားများက ဖော်ပြကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လောကနန္ဒာစေတီတော် ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ရန်ကုန်-ပုသိမ်လမ်းအတိုင်း ထွက်ခွာပြီး လမ်းအထူးအဖွဲ့(၄)က နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေတို့နှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ပုသိမ်တံတားအနီး ကမ်းနီဘက်ကမ်းရှိ လောကနန္ဒာစေတီတော်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်မဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ မဟာထေရ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

တင်လှူပူဇော်

ထို့နောက် ဌာပနာတော်များ၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မွန်းလွဲပိုင်းတွင် ပုသိမ်-ချောင်းသာလမ်းမိုင်တိုင် (၀/၁)မှ (၀/၅)အတွင်း လမ်းအထူးအဖွဲ့ (၂)က စက်ယာဉ်အင်အားဖြင့် လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် သာပေါင်းမြို့သို့ သွားရောက်ပြီး တံတားအထူးအဖွဲ့ (၄)နှင့် သာပေါင်းမြို့နယ်က ဆောင်ရွက်လျက်ရှိသော လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံကျင်းပမည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံ ကျင်းပမည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ လျှပ်စစ်စွမ်းအား ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ် နှင့် အဖွဲ့ဝင်များ အမျိုးသား ညီလာခံ ကျင်း ပ မည့် မှော်ဘီမြို့နယ် ညောင် နှစ် ပင် စခန်းရှိ ဝန်ထမ်း များအတွက် စားရိပ်သာ ပြင်ဆင်ထား မှု များ ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

အသင့်ချုပ်ပြီးအထည်ဆိုင်၊ မြန်မာမျက်မှန်အရောင်းဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာတိုက်၊ဆက်သွယ်ရေးစခန်းတို့ကိုလည်းကောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေရန် ဖျော်ဖြေရေး အစီအစဉ်များတင်ဆက်မည့် လဟာပြင်ဇာတ်ရုံ ပြင်ဆင်မွမ်းမံထားရှိမှုကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ စားသောက်ကုန်အရောင်းဆိုင်၊ ကောင်းစံအိမ် ပင်မင်းဆိုင်၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ပဒေသာစားသောက်ဆိုင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ စားသောက်ဆိုင်နှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ဆံသဆိုင်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အားကစားခန်းမအတွင်း အားကစားကွင်းနှင့် အားကစားပစ္စည်းများ စီစဉ်ထားရှိမှု၊ အမျိုးသား၊အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမအတွင်း ခေတ်မီအားကစားပစ္စည်းများ စီစဉ်ထားရှိမှုတို့ကိုလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျန်းမာရေးအတွက် ဖွင့်လှစ်ထားသည့် ဆေးရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား မှာကြားသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် ဓမ္မဒူတအရှင်ဆေကိန္ဒ၏ တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ဖေဖော်ဝါရီ၁၆ ရက်မှ ၂၅ ရက်အထိ ဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ ၁၀ရက် တရားစခန်းပွဲကို ညစဉ် ၇ နာရီတိတိတွင် ကျင်းပမည်ဖြစ်၍ ကြွရောက် တရားအားထုတ်နိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တီဘီရောဂါတိုက်ဖျက်ရေး နည်းပြသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် GFATM (Global Fund for AIDS,TB and Malaria) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် တီဘီရောဂါ တိုက်ဖျက်ရေး ခရိုင်အဆင့် စီမံခန့်ခွဲမှု နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ဈနာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ကြိုးစားဆောင်ရွက်

သင်တန်းဖွင့်ပွဲတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း ၇၄ ရာခိုင်နှုန်းနှင့် ရောဂါကုသအောင်မြင်မှုနှုန်း ၈၂ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း၊ ကမ္ဘာ့တီဘီ ရည်မှန်းချက်ဖြစ်သော ၂၀၀၅ ခုနှစ်တွင် ရောဂါရှာဖွေတွေ့ရှိနှုန်း ၇၀ ရာခိုင်နှုန်းနှင့် ရောဂါကုသအောင်မြင်မှုနှုန်း ၈၅ ရာခိုင်နှုန်းနှင့် နီးကပ်နေသည်ဖြစ်၍ ယခုထက်ပိုမို ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်းဖြင့်ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဒုတိယဌာနေ ကိုယ်စားလှယ် Ms. Akiko Suzaki တို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

အဆိုပါ သင်တန်းတွင် ပြည်နယ်နှင့်တိုင်းအဆင့်၊ ခရိုင်အဆင့် တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ၂၀ တက်ရောက်၍ သင်တန်းကို ဖေဖော်ဝါရီ၁၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာကွန်ပျူတာကုမ္ပဏီလီမိတက် (MCC) တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၅)ဆင်းပွဲကို ဖေဖော်ဝါရီ ၇ ရက်က သိမ်ကြီးဈေး(စီ)ရုံရှိ မြန်မာကွန်ပျူတာကုမ္ပဏီလီမိတက်တွင် ကျင်းပရာ အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေးက သင်တန်းဆင်း ကျောင်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)



ပြည်ထောင်စုနေ့ကိုဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ စစ်ကိုင်းတိုင်း ခန္တီးခရိုင် ခန္တီးမြို့နယ် ဆင်သေကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီ မိနစ် ၂၀တွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ခန္တီးမြို့နယ်ဆင်သေကျေးရွာအားကစားကွင်း၌ကျင်းပရာ ခန္တီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခန္တီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၃၆၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် သဘာပတိအဖြစ် ခန္တီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ချစ်လွင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ခန္တီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးပေါ်ဆောင်၊ ခန္တီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ခန္တီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်တင်မေရီနှင့် ခန္တီးမြို့ မြို့မိမြို့ဖ ဦးသန်းဖေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ခန္တီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်နူးငင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ခန္တီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်ချားမစ်ဒေးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက်အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်းကြေညာပြီး ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း မျိုးဆက်သစ်ကျောင်းသား ကျောင်းသူ အသင်းဝင်လူငယ်များက **‘ရာသက်ပန် ပြည်ထောင်စု’**သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် သဘာပတိ ခန္တီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်ချစ်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ခန္တီးမြို့နယ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းအုန်းလွင်က လည်းကောင်း၊အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ခန္တီးမြို့နယ်မှ နာဂတိုင်းရင်းသူ ဒေါ်ဝင်းဝင်းတင်က လည်းကောင်း၊ ခန္တီးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ငွေက လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထောက်ခံတင်ပြ

ထို့နောက် ခန္တီးခရိုင် ခန္တီးမြို့နယ်မှ နာဂတိုင်းရင်းသား ဦးမင်ယောင်က ကိုယ်စားလှယ်သုံးဦး၏ ဆွေးနွေးတင်ပြချက်များအပေါ် ထောက်ခံကြောင်း တင်ပြသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ထောက်ခံခြင်း အဆိုများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုက သဘောတူညီကြောင်း ဆန္ဒပြုကြသည့်အတွက် ဤအခမ်းအနားကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

အသင်းဝင်အဆိုပြုလွှာပေးအပ်

ထို့နောက် ခန္တီးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အသင်းဝင်အဆိုပြုလွှာအစောင် ၃၀၀၀ကို ရှမ်းတိုင်းရင်းသားဦးစောဝ်အိုက်ဆိုင်းက ပေးအပ်ရာ ခန္တီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြမောင်က လက်ခံသည်။

ဂုဏ်ပြုသီဆို

ဆက်လက်၍ ခန္တီးမြို့နယ် ဆင်သေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ အသင်းဝင်လူငယ်များက **‘ပြည်မြန်မာ’**သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသောပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာနွေရာသီ အင်္ဂလိပ်-မြန်မာသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာ နွေရာသီအင်္ဂလိပ်-မြန်မာသင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၃၀ ရက်အထိ နေ့စဉ်နံနက် ၈နာရီမှစတင်၍ ကျောင်းတော်ကြီး၌ သင်ကြားပို့ချမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများသည် ကျောင်းတော်ကြီး ဖုန်း-၅၄၄၉၃၈ သို့ ဆက်သွယ်ကာ ပတ်စပို့ဓာတ်ပုံနှစ်ပုံနှင့်အတူ လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းသားဦးရေ ကန့်သတ်ထားသဖြင့် သင်တန်းဝင်ခွင့်လျှောက်လွှာများ တင်သွင်းကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၁ရက်က အမက (၄)ဗဟန်းတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ကျောင်းသား ကျောင်းသူများ စာအုပ်စာစောင်များကို စိတ်ဝင်စားစွာဖတ်ရှုကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးသောင်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ထွန်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ လောက်ကိုင်၊ကုန်းကြမ်းမြို့နယ်တို့မှ အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကိုးကန့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀ ကျော် အင်တိုက် အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် လောက်ကိုင်ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် လောက်ကိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါက်တာကြူကြူအေး၊ လောက်ကိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်ကြူ၊ ခရိုင်အသင်းအလုပ်အမှုဆောင် ဦးရန်အောင်၊ လောက်ကိုင်မြို့နယ် အသင်းအလုပ်အမှုဆောင် ဦးအောင်ခိုင်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ်ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လောက်ကိုင်မြို့နယ်အသင်း စည်းရုံးရေးမှူး ဒေါ်ဝေဝေလွင် တို့က ဆောင်ရွက်ကြသည်။

အလေးပြု

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ လောက်ကိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍လောက်ကိုင်မြို့နယ်စည်းရုံးရေးမှူး ဒေါ်နန်းခမ်းကြာကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ လောက်ကိုင်မြို့နယ် တာရွှေကျော်ကျေးရွာမှ စည်းရုံးရေးမှူး ဦးအိုက်ပန်က လည်းကောင်း၊ လောက်ကိုင်ခရိုင် အတွင်းဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လောက်ကိုင်မြို့နယ် အသင်းအလုပ်အမှုဆောင် ဒေါ်နန်းနွမ်းခမ်းက လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကုန်းကြမ်းမြို့နယ် အလုပ်အမှုဆောင် ဒေါ်နန်းမြင့်မြင့်ဌေးက ထောက်ခံဆွေးနွေးသည်။

တစ်ခဲနက်ထောက်ခံ

ယင်းနောက် သဘာပတိက အဆိုသုံးရပ်နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသောပြည်သူလူထု၏ ဆန္ဒသဘောထားကို ရယူရာ ပြည်သူလူထုကြီးက တစ်ခဲနက်ထောက်ခံကြောင်း ဆန္ဒပြုကြသဖြင့် ဤအစည်းအဝေးက အတည်ပြုကြောင်းကြေညာပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒီမိုကရေစီနိုင်ငံတော်သစ်ကို အခြေခံအုတ်မြစ်ချနေသည့် အမျိုးသားညီလာခံကြီး

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည့် အမျိုးသားညီလာခံကြီးက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို အမြင်သစ်၊ အသွင်သစ်နဲ့ အုတ်မြစ်ချသွားမှာ ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ရပ် ပေါ်ပေါက်ခဲ့ပြီ ဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံရေးစနစ်ကြီးနှစ်ရပ် ပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ရပ်တို့ဟာ မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ထည်ဝါစွာ ဖြစ်ပေါ်လာအောင် မစွမ်းဆောင်နိုင်တော့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်သွားရမယ့် အချိန်အခါ ရောက်ရှိလာလို့ ဖြစ်ပါတယ်။ ဒီသမိုင်းပေးတာဝန်ကို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ကျင်းပဆဲ အမျိုးသားညီလာခံကြီးက ဆက်လက်ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရဟာ သမိုင်းဟောင်း ခေတ်ဟောင်းကရုန်းထွက်ပြီး သမိုင်းသစ်၊ ခေတ်သစ်တည်ဆောက်သွားဖို့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အခုလို အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ **ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကျယ်ပြန့်စွာ ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်တော်များက နိုးကြားတက်ကြွတဲ့ တာဝန်သိစိတ်ဓာတ်ဖြင့် အတိတ်ကရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ အားနည်းချက်၊ အားသာချက်များကို ဓမ္မဓိဋ္ဌာန်ကျစွာ စိစစ်သုံးသပ်ပြီး မိမိတို့လူ့အဖွဲ့အစည်း အကျိုးစီးပွားနဲ့ ကိုက်ညီ မှန်ကန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စုပေါင်းလုံ့လပြု ကြိုးပမ်းသွားရမယ့် အခါသမယဖြစ်ပါတယ်။**

အတိတ်ကကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်၊ နိုင်ငံရေးစနစ်နှစ်ရပ်ကို လေ့လာကြည့်မယ်ဆိုရင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ လက်ယာစွန်းဆန္ဒစွဲနဲ့ အနောက်ဥရောပ ဒီမိုကရေစီကို ဦးစားပေးပုံတူကူး ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့အတွက် နိုင်ငံတော်ကို ကောင်းကျိုးထက် ဆိုးကျိုးတွေသာ ဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီတုန်းက ကြုံခဲ့ရတဲ့ အနိဋ္ဌာရုံတွေကို ကိုယ်တွေ့အားဖြင့် လည်းကောင်း၊ သမိုင်းသင်ခန်းစာအားဖြင့်လည်းကောင်း ဆင်ခြင်သိမြင်ခဲ့ပြီး ဖြစ်ပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာလဲ လက်ဝဲစွန်း ခေတ်ဟောင်းဆိုရှယ်လစ်စနစ်ကို အခြေခံရေးဆွဲပြဋ္ဌာန်းခဲ့တဲ့အတွက် စီးပွားရေးအကျပ်အတည်း ကြုံတွေ့လာခဲ့ပြီး ၁၉၈၈ခုနှစ် မင်းမဲ့စရိုက်အရေးအခင်းကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒီအပေါ် လေးနက်စွာ သင်ခန်းစာယူလာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။ အခုလို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး၊ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့လူနေမှုဘဝမြင့်မားတိုးတက်ရေးကို မဖြစ်မနေ ဦးစားပေးကြိုးပမ်း လာခဲ့ရတာဖြစ်ပါတယ်။ စီးပွားရေး ဆုတ်ယုတ်ကျဆင်းနေတဲ့ နိုင်ငံတစ်ရပ်တွင် ဒီမိုကရေစီကျင့်စဉ် မထွန်းကားနိုင်လို့ဖြစ်ပါတယ်။ ဒီအပေါ် အနောက်ဥရောပ ဒီမိုကရေစီကို ပုံတူကူးလိုတဲ့ အင်အားစုများနဲ့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်ကို တရားသေဆုပ်ကိုင်ထားလိုတဲ့ အင်အားစုများက ဆန့်ကျင်လာခဲ့ ပါတယ်။ ပြည်ပနိုင်ငံကြီးအချို့ကလဲ အလိုတူအလိုပါ စွက်ဖက်ဖိအားပေး လာခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့အရေးယူလာခဲ့ပါတယ်။

အနောက်ဥရောပ ဒီမိုကရေစီ ပုံတူကူးမှုတွေဟာ ဘယ်လိုမှ မအောင်မြင်နိုင်ဘူးဆိုတာကို လွတ်လပ်စ မြန်မာနိုင်ငံ ပါလီမန်ဒီမိုကရေစီစနစ်က သက်သေပြခဲ့ပြီ ဖြစ်ပါတယ်။ နိုင်ငံတကာတွင်လဲ အနောက်ဥရောပ ဒီမိုကရေစီစမ်းသပ်ကွက်ဖြစ်ခဲ့တဲ့ အရှေ့ဥရောပနိုင်ငံတွေမှာ သွေးချောင်းစီး ပြိုကွဲပြီး ပြည်သူတို့ ဒုက္ခကြီးစွာ ကြုံရမှုက မျက်ဝါးထင်ထင် ဖြစ်ပါတယ်။ နောက်ဆုံး လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး ကယ်တင်ရှင်ကြီးအဖြစ်နဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတို့ ကျူးကျော်ဝင်ရောက်နေတဲ့ အီရတ်နိုင်ငံနဲ့ အာဖဂန်နစ္စတန်နိုင်ငံတို့ရဲ့ အဖြစ်ဆိုးတွေကလဲ သတိပြုဖွယ်၊ သင်ခန်းစာယူဖွယ် တွေ့မြင်နေရပါတယ်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲကို တရားသေကိုင်စွဲထားမှုနဲ့ ပတ်သက်လို့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲဟာ နိုင်ငံတော်မှာ လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ကျင်းပတဲ့ ဥပဒေပြုရွေးကောက်ပွဲသာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အများစု အရွေးချယ်ခံထားရတဲ့ ပါတီအဖွဲ့အစည်းက

အောင်မိုးစံ

ချက်ချင်းအာဏာလွှဲပြီး အစိုးရဖွဲ့ဖို့ တောင်းဆိုလာတဲ့အတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးဟာ အခုလို နှောင့်နှေးကြန့်ကြာလာခဲ့ရပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရဟာ နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာ ပါတဲ့ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးဦးတည်ချက် မပျက်မယွင်းအောင် ၁၉၉၃ခုနှစ်တွင် တရားဝင်နိုင်ငံရေးပါတီအားလုံး အပါအဝင် အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့ပါတယ်။ ၁၉၉၅ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ကန့်သတ်ထားရာက လွတ်မြောက်လာတဲ့အခါ အမျိုးသားညီလာခံကြီးမှာ တက်ရောက်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များ ညီလာခံကို

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကျယ်ပြန့်စွာ ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်တော်များက နိုးကြားတက်ကြွတဲ့ တာဝန်သိစိတ်ဓာတ်ဖြင့် အတိတ်ကရေးဆွဲ ပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ အားနည်းချက်၊ အားသာချက်များကို ဓမ္မဓိဋ္ဌာန်ကျစွာ စိစစ်သုံးသပ်ပြီး မိမိတို့လူ့အဖွဲ့အစည်း အကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စုပေါင်းလုံ့လပြု ကြိုးပမ်းသွားရမယ့် အခါသမယဖြစ်ပါတယ်။

သပိတ်မှောက် ထွက်ခွာသွားခဲ့တယ်။ ဒါပေမယ့် ညီလာခံကိုယ်စားလှယ်အရေးအတွက် ပြည့်ဝစွာနဲ့ ဆက်လက်ကျင်းပပြီး ၁၉၉၆ခုနှစ်မှာ ယာယီဆိုင်းငံ့ထားခဲ့ပါတယ်။

နိုင်ငံတော်အစိုးရဟာ ၂၀၀၃ခုနှစ်တွင် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အဲဒီ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့တွင် တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များနဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ပါတယ်။ ပထမပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခုတစ်ဖန် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ ဒါဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေမှု ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် မနေးအမြန် ဖြစ်ပေါ်လာရေးဟာ တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံး တာဝန်ဖြစ်ပါတယ်။ အခုလိုအချိန်အခါမျိုးတွင် နောက်ကြောင်းပြန်တောင်းဆိုနေမှုတွေ၊ ဆန္ဒစွဲ လှေနံဓားထစ် ရပ်တည်နေမှုတွေဟာ လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ရေးရဲ့ အဖျက်လုပ်ရပ်သာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့အခြေအနေအချိန်အခါနဲ့ ကိုက်ညီမှန်ကန်စွာ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အတွေးသစ်၊ အမြင်သစ်နဲ့ ထူထောင်သွားဖို့သာ ဖြစ်ပါတယ်။

ဒီနေရာတွင် တစ်ချိန်က မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်ရဲ့ အင်တာနေရှင်နယ်ဟယ်ရယ် ထရီဗြူး(န်)သတင်းစာမှာ ရေးသားခဲ့မှုတချို့ဟာ မှတ်သားဖွယ်ရာ ဖြစ်ပါတယ်။

"အတိုင်းတိုင်း အပြည်ပြည်က အတွေ့အကြုံတွေ၊ အကြံဉာဏ်တွေ ရယူခြင်း၊ လေ့လာသုံးသပ်ခြင်းတွေဟာ လိုလဲလိုအပ် အကျိုးလဲဖြစ်ထွန်းစေပါတယ်။ ဒါပေမယ့် မည်သည့်သုခမိန်ရဲ့အကြံဉာဏ်ဖြစ်စေ၊ မည်မျှပင်ရိုးသားဖြူစင်စွာ ပြောဆိုမှုပင်ဖြစ်စေ ပကတိရုပ်ဘဝအခြေအနေများနဲ့ လျော်ညီဖို့တော့ လိုတယ်။

"ယခုအခါ တရုတ်နိုင်ငံဟာ အခြားသောတစ်ပါးနိုင်ငံနဲ့ လူမျိုးများတွင် အကျိုးဖြစ်ထွန်းခဲ့တဲ့ စနစ်တွေ၊ တန်ဖိုးစံတွေကို လိုက်နာကျင့်သုံးဖို့ အပြင်းအထန် အကျပ်ကိုင် ခံနေရတယ်။ အခြားတစ်နိုင်ငံမှာ အံ့ဖွယ်သရဲ အောင်မြင်မှုရှိခဲ့ပေမယ့် တရုတ်နိုင်ငံအဖို့တော့ အကျိုးဖြစ်ထွန်းမှု ရှိချင်မှရှိမယ်။ ဒါကြောင့် တရုတ်ခေါင်းဆောင်တွေနဲ့ အသိပညာရှင်တွေအနေနဲ့၊ မိမိတို့နဲ့ ကိုက်ညီတဲ့လမ်းစဉ်တစ်ရပ်ကို ရွေးချယ်ရပါမယ်"

ဒီကနေ့ တရုတ်နိုင်ငံကြီးဟာ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေလိုလားတဲ့ အနောက်ဒီမိုကရေစီ ပုံတူကူးရေးလမ်းကို ဆန့်ကျင်ပြီး မိမိတို့ လူမှုဘဝနဲ့ကိုက်ညီမှန်ကန်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်ကျင့်သုံး လာနိုင်တဲ့အတွက် (Miracle Economy) အံ့ဖွယ်စီးပွားရေး အောင်မြင် တိုးတက်နေပါတယ်။ တရုတ်နိုင်ငံကြီးရဲ့ ပြုပြင်ပြောင်းလဲရေးဟာ ဆိုဗီယက် ပြည်ထောင်စုကြီးလို ပြိုကွဲပျက်စီးမှုအခြေအနေဆိုးတွေကိုလဲ ရှောင်ရှားလာနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံတွင်လဲ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ပြန်လည်ကျင်းပတော့မယ့် အမျိုးသားညီလာခံကြီးက မိမိတို့လူ့အဖွဲ့ အစည်းနဲ့ ကိုက်ညီမှန်ကန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို အောင်မြင်စွာ အုတ်မြစ်ချနိုင်ရေးအတွက် တစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်းသွားဖို့ ဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ အင်းစိန်မြို့နယ်တွင် ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ပညာပေး ဟောပြောပွဲကို အင်းစိန်အထက(၄) ခန်းမ၌ ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးအေးသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းကြည်၊ အတွင်းရေးမှူး ဦးဌေးကြွယ်နှင့် အင်းစိန်ရဲစခန်းမှူးရဲအုပ်သန်းထွန်း**(အောက်ပုံ)**တို့က ဟောပြောကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(က-ပ)**

ကြည့်မြင်တိုင်မြို့နယ် စေတနာသမ္မာရဝတ်အသင်း ရွှေတိဂုံစေတီတော်သို့ ရွှေပြားအလှူတော်ရေစက်ချ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရ ဝတ်အသင်း၏ ရွှေတိဂုံစေတီတော်သို့ (၅၄)ကြိမ်မြောက် ရွှေပြားအလှူတော် ရေစက်ချအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ကျင်းပသည်။

ရှေးဦးစွာ စေတနာ သမ္မာရ ဝတ်အသင်းဥက္ကဋ္ဌ ဦးကျော်အေးက ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ရွှေပြားကပ် လှူရခြင်းအကြောင်းကို လျှောက်ထားသည်။

ထို့နောက် စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဟိုဠ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသ ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ယင်းနောက် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ကပ်လှူမည့် တစ်ပြားလျှင် ရွှေစင်ရွှေသားအလေးချိန် သုံးကျပ်သားစီရှိသည့် ရွှေပြားသင်္ကန်းတော် ၁၂ ပြားကို စေတနာသမ္မာရဝတ်အသင်းဥက္ကဋ္ဌနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများနှင့် စေတီတော် ဂေါပကအဖွဲ့ဝင်များက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် ကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဟိုဠ်ကျောင်းတိုက် ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ရောဝတီတိုင်း

သီဟအောင်

အချိန်နှင့်ဒီရေသည် လူကို မစောင့်ဟုအဆိုရှိသည်။ မြစ်တစ်မြစ်ကို နှစ်ခါဖြတ်ကူး၍ မရဟုလည်း ပြောကြသည်။ အချိန်နှင့်အမျှ ပြောင်းလဲ ဖြစ်ပေါ်နေသော သဘောကို တင်စားပြောဆိုကြခြင်း ဖြစ်ပေသည်။

ရောဝတီ မြစ်ကြီးသည် တသွင်သွင် တသိမ့်သိမ့် တငြိမ့်ငြိမ့်ဖြင့် နေ့မနား ညမနား မရပ်မနား ရှေ့သို့ ရွေ့လျားလျက် ပင်လယ်တည်းဟူသော ပန်းတိုင်အတွင်းသို့ မမိုတ်မသုန် အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းလျက်ရှိသည်။

ရောဝတီ၏ ပင်မရေစီးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြောက်ပိုင်းဒေသ ကချင်ပြည်နယ်မှ စခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်းမှ စီးဆင်းလာသော ချင်းတွင်းမြစ်နှင့်လည်း ပေါင်းဆုံသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တောင်တန်းများ၌ မြစ်ဖျားခံလာသော မြစ်ချောင်းအသွယ်သွယ်နှင့်လည်း ချစ်ကြိုးသွယ်ခဲ့သည်။ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ တည်ရှိရာ ကုန်းပြင်မြင့်ဒေသမှ စီးကျလာသော မြစ်ချောင်း အသီးသီးနှင့်လည်း ပေါင်းစည်းခဲ့သည်။ မန္တလေး၊ မကွေး၊ ပဲခူးနှင့် ရောဝတီဟူသည့် တိုင်းကြီးလေးတိုင်းကိုလည်း ဆက်စပ်ကျော်ဖြတ်ခဲ့သည်။ မြန်မာတို့၏ပိုင်နက် ပင်လယ်ရေပြင်တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ဖြတ်သန်းစီးဆင်းလာခဲ့ကြသော မြစ်ချောင်းအဖုံဖုံနှင့် ပေါင်းဆုံခဲ့သည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ကကျင်းပခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄)တွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို မြင့်မားမွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သည်ကို အားလုံးသိရှိကြပြီး ဖြစ်ကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားများနှင့် အတူတကွ ပူးပေါင်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက် လက်တွဲကြိုးပမ်း ဆောင်ရွက်နိုင်စေရန် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

"နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ အထွေထွေဖွံ့ဖြိုးမှု နောက်ကျနေရသည့်ဘဝမှ လွတ်မြောက်စေရေး၊ တိုင်းရင်းသား လူမျိုးများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်း ဆောင်ရွက်ပေးရင်း အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ကာ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

"ယင်းသို့ ရည်မှန်းချက်ရှိရှိဖြင့် စနစ်တကျ ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန် နားလည်စာနာမှု၊ ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာခဲ့ကြောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းသာယာလာခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း ဖြစ်ထွန်းလာခဲ့ကြောင်း၊ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံကောင်းများစွာကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

"သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှု ဆူကြံ့နိမ့်မြင့် ကွာဟမှု ကျဉ်းမြောင်း ပပျောက်သွားစေရအောင် ဆောင်ရွက်မည်ဆိုသည့် ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြှင့်တင်ပေးရန် လိုအပ်နေသေးသည့် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အထိုက်အလျောက် ကွာဟနေသေးသော ဒေသများ၌ ပိုမိုအားစိုက်ပြီး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းလာပြီး တိုင်းရင်းသားလူမျိုးများ အားလုံးသည်လည်း တပေါင်းတစည်းတည်း ဖြစ်လာမည်ဖြစ်ကြောင်း။

"တစ်နှစ်ချင်း၊ တစ်နှစ်ချင်း ဖွံ့ဖြိုးတိုးတက်မှု ဆင့်ပွား တိုးတက်ဖြစ်ထွန်းလာစေရအောင် စဉ်ဆက်မပြတ် ဆက်တိုက် ဆောင်ရွက်ပေးသွားပါမှ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာမှာဖြစ်ပြီး တိုင်းရင်းသားလူမျိုးများလည်း တပေါင်းတစည်းတည်း ပေါင်းစည်းမိလာမှာဖြစ်ကြောင်း။

"နိုင်ငံတော်အတွက် ရေရှည်အကျိုး ဖြစ်ထွန်းစေရေး၊ တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာစေရေး တို့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယနေ့ထက် မနက်ဖြန်တွင် ပိုမိုတိုးတက်စေရအောင် မှန်ကန်သော နည်းလမ်းများဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။"

လမ်းညွှန်မှာကြားခဲ့သည်။

တပ်မတော်အစိုးရသည် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး ဖြစ်အောင် မမိုတ်မသုန်တည်ဆောက်ပေးနေသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ်ကြီးများကို ဦးလည်မသုန် အရှိန်အဟုန်မြင့်မြင့်ဖြင့် မျက်ခြည်မပြတ် ဖော်ဆောင်ပေးနေသည်။

ယနေ့ထက် မနက်ဖြန်မှာ ပိုမိုတိုးတက်လာရမည်။ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ သားစဉ်မြေးဆက် ဖွံ့ဖြိုးတိုးတက်စေရမည်။ ဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးရမည်။ တိုင်းရင်းသားအားလုံး တစ်သွေးတည်း တစ်သားတည်း ညီညွတ်ရမည်။ တစ်မျိုးသားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်းထားရမည်။ ပြည်ထောင်စုကြီးအတွင်း တပေါင်းတည်း တစည်းတည်း နေကြမည်။

ဤသို့ခံယူလျက် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို မျက်ခြည်ပြတ်မခံဘဲ ယနေ့ထက်မနက်ဖြန်မှာ ပို၍ ဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ဆောင်ပေးနေပုံများကို ရောဝတီတိုင်းအား စံထား၊ ခံစားလျက် တင်ပြအပ်ပေသည်။

ရောဝတီတိုင်း

ရောဝတီတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသ၏ တောင်ဘက်အကျဆုံးတွင် တည်ရှိသည်။ မြောက်ဘက်တွင် ပဲခူးတိုင်း၊ အရှေ့ဘက်တွင် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း၊တောင်ဘက်နှင့် အနောက်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်မြောက်ဘက်တွင် ရခိုင်ပြည်နယ်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည်။ စတုရန်းမိုင်ပေါင်း ၁၃၅၆၇ ကျယ်ဝန်းပြီး ဗမာ၊ ကရင်နှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများသည် ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်တစ်ခုအသွင် အတူတကွ ပူးပေါင်းနေထိုင်ကြသည်။ လက်ရှိလူဦးရေ ၇၅၁၁၀၀၀ ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၅၅၄ ယောက်ဖြစ်သည်။

အနောက်ဘက်ပိုင်းတွင် ရခိုင်ရိုးမနှင့် ကမ်းရိုးတန်းလွင်ပြင်ရှိသည်။ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသဟု ခေါ်ဆိုကြသည်နှင့်အညီ မြေပြန့်မြေနိမ့်များပြားသကဲ့သို့ မြစ်ချောင်းအင်းအိုင်များလည်း ပေါများသည်။ ရောဝတီမြစ်မှ ဖြာထွက်လာသော မြစ်များအဖြစ် ငဝန်မြစ်၊ ပုသိမ်မြစ်၊ တိုးမြစ်စသည်များ ထင်ရှားသည်။

စိုက်ပျိုးရေး

ရောဝတီတိုင်းသည် မြစ်ဝမြေနုကျွန်းပေါ်ဒေသတွင် တည်ရှိသည်နှင့်အညီ နိုင်ငံတော်အတွက် စီးပွားရေးအရ အားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်သည်။ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍထုတ်လုပ်မှု အားကောင်းသည်။ စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် နာမည်ထင်ရှားသည်။ သို့သော် ရောဝတီတိုင်းသည် ခေတ်အဆက်ဆက်၌ မပြီးသေးသော ပန်းချီကားတစ်ချပ်ပမာ မှုန်ဝါးဝါးသာ ရပ်တည်လာခဲ့ရသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် ရောဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများအား ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးသည့် ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"လူ့အဖွဲ့အစည်းသည် ရပ်တန့်နေ၍မရဘဲ အစဉ်ဖွံ့ဖြိုးတိုးတက်အောင် အမြဲစဉ်းစားတွေးခေါ် ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်နေကြရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေမှာ နှစ်စဉ်တိုးတက်လာလျက်ရှိရာ နောင်နှစ်ပေါင်း ၃၀ ကျော်ခန့်တွင် နိုင်ငံတော်၏ လူဦးရေမှာ သန်း ၁၀၀ အထိရှိလာမှာဖြစ်ကြောင်း၊ နောင်တိုးပွားလာမည့် နိုင်ငံသူနိုင်ငံသားများ စားရေးအတွက် ပူပန်ကြောင့်ကြမှုမရှိ ဖူဖူလုံလုံ စားသုံးနိုင်စေရန် မိမိတို့ ယခုကတည်းကပင် စိုက်ဧရိယာကေ တိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း စသည်ဖြင့် ဆောင်ရွက်သင့်သည်များကို စနစ်တကျ ကြိုးစားစီမံ ဆောင်ရွက်ထားကြရမှာဖြစ်ကြောင်း။

"မိမိတို့ မျက်ကွယ်ပြုသွားသည့်နောက်ပိုင်း မိမိတို့၏ သားသမီး မြေးမြစ်များအနေဖြင့် ဖူဖူလုံလုံမစားရဘဲ စားရေးအတွက် ကြောင့်ကြပူပင်နေရသည့်လူမျိုး အဖြစ်မခံနိုင်ကြောင်း၊ နောင်လာနောက်သားများအတွက် မိမိတို့ လုပ်ပေးသင့် လုပ်ပေးထိုက်သည်ကို လုပ်ကိုင်ပေးရန် တာဝန်ရှိကြောင်း။

"ရောဝတီတိုင်း၌ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍအပြင် အလားအလာရှိသော စက်မှုကဏ္ဍ ဖွံ့ဖြိုးလာအောင် ကြိုးစားသွားရန် ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းကို အခြေခံသည့် စက်မှုလုပ်ငန်း၊ ငါး၊ ပုစွန် ရေထွက်ပစ္စည်းကို အခြေခံသည့် စက်မှုလုပ်ငန်းများသည် ရောဝတီတိုင်း၌ ယခုထက်ကျယ်ပြန့်စွာ ဖြစ်ထွန်းနိုင်ကြောင်း။

"နိုင်ငံတော်အပိုင်းက ရောဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကုန်ကြေးကျ မြောက်မြားစွာ အကုန်ခံ၍ လိုအပ်သော လမ်းများနှင့် တံတားများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ရောဝတီတိုင်း၏ ထုတ်ကုန်များကို ယခုအခါ လွယ်လင့်တကူ မြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်သည့်အဆင့်သို့ ရောက်ရှိပြီး ရောဝတီတိုင်းမှာလည်း သိသာစွာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးသကဲ့သို့ ရောဝတီတိုင်းကလည်း မိမိတို့၏ ပေါကြွယ်ဝသော မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တော သယံဇာတတို့ကို ထိထိရောက်ရောက် အသုံးချ၍ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားသွားစေချင်ကြောင်း၊ သဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်သည့် လူသယံဇာတကလည်း ရောဝတီတိုင်း၌ လုံလောက်စွာရရှိပြီးဖြစ်၍ တီထွင်ကြံဆ ကြိုးပမ်းအလုပ်လုပ်သွားကြရန်သာလိုကြောင်း။"

လမ်းညွှန်မှာကြားခဲ့သည်။

ရောဝတီတိုင်းသည် မြန်မာနိုင်ငံ၏စပါးကျီအဆင့်မှသည် ကုန်ထုတ်လုပ်မှု ဆပွား တိုးတက်အောင် ဖိဖိစီးစီးထက်ထက်မြက်မြက် လုပ်ဆောင်နိုင်မှ ဒေသခံပြည်သူများ ကြီးပွားတိုးတက်သလို နိုင်ငံ့စီးပွားလည်း တိုးတက်လာမည်။ သဘာဝက ပေးထားသော ရောဝတီတိုင်း၏ ရေခံမြေခံကို အခြေခံကောင်းဖြစ်အောင် နိုင်ငံတော်က ထပ်ဆောင်းပေးခဲ့သည်။

မိုးများပြီး ချောင်းရေမြစ်ရေတိုးကာ ရေလျှံကွင်း၊ ရေကြီးကွင်း၊ ရေနက်ကွင်းအဖြစ် ကျန်ရစ်သောဒေသများ အလဟဿမဖြစ်အောင် စိုက်ပျိုးမြေအဖြစ် တန်ဖိုးတိုးမြှင့်ပေးခဲ့သည်။ စိုက်ပျိုးရေလိုအပ်သောနေရာများ၌ ရေသောက်ဧရိယာတိုးပွားစေရန်အတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့သည်။ တစ်နှစ်ပတ်လုံး လိုအပ်သလောက်ရေကို ထိန်းထားနိုင်သော ရေထိန်းတံခါးများ တိုးပွားလာအောင် ကြိုးစားလုပ်ဆောင်ပေးခဲ့သည်။

ညောင်တုန်းမြို့နယ်တွင် ဧက ၂၀၀၀၀ စီ အကျိုးပြု ပန်းလှိုင်ရေထိန်းတံခါးနှင့် မဲဇလီရေထိန်းတံခါး၊ အင်္ဂပူမြို့နယ်တွင် ဧက ၁၄၀၀၀ အကျိုးပြု နန်ကသူရေလှောင်တမံ၊ မအူပင်မြို့နယ်တွင် ဧက ၁၅၀၀၀ စီ အကျိုးပြု ဝါးတောရေထိန်းတံခါးနှင့် ထနီးရေထိန်းတံခါးစသည်များနှင့် မြစ်ရေတင်စီမံကိန်း ၂၃ ခု ဖြစ်ထွန်းလာသည်။

နိုင်ငံတော်၏ ဖြည့်ဆည်းအားပေးမှုနှင့်အတူ ရောဝတီတိုင်း၏ စိုက်ပျိုးမြေဧက နှစ်သိန်းနီးပါး တိုးတက်လာသည်။ မိုးစပါးဧက ၃၅ သိန်းကျော်နှင့် နွေစပါးဧက ၁၄ သိန်းကျော်ကို တစ်ဧကအထွက်နှုန်းတိုးအောင် စိုက်ပျိုးနိုင်ခဲ့သည်။ တစ်နိုင်ငံလုံး စပါးစိုက်ဧက၏ ၂၉ ရာခိုင်နှုန်းဖြစ်၍ ရောဝတီတိုင်းတစ်တိုင်းတည်းကပင် စပါးတင်းသန်း ၃၇၀ ထုတ်လုပ်နိုင်စွမ်းရှိလာသည်။ ကြံခင်းမြို့နယ်၌ ဧက ၂၀၀၀၀ အကျိုးပြုကွန်ချောင်း၊ မြန်အောင်မြို့နယ်၌ ဧက ၁၀၀၀၀ အကျိုးပြုမမြနှင့် အင်္ဂပူမြို့နယ် ဧက ၂၅၀၀၀ အကျိုးပြုကညင်ရေလှောင်တမံတို့ကို တည်ဆောက်ပေးနေဆဲဖြစ်ရာ လာမည့်နှစ်များတွင် စပါးတင်း သန်း ၄၀၀ အထိပင် ထုတ်လုပ်နိုင်ဖွယ်ရှိသည်။ နိုင်ငံတော်က စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေး ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေရာ ရည်မှန်းချက်၏ သုံးပုံတစ်ပုံအထိ ဖြည့်စွမ်းပေးနိုင်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြသည်။

နိုင်ငံ့အင်အားအဖြစ် ထပ်မံတိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ အတွက် နိုင်ငံတော်၏စပါးကျီ၊ နိုင်ငံတော်၏ ထမင်းအိုးကြီးအဖြစ်ကို တိုးမြှင့်ရပ်တည်နိုင်ရေး မျှော်တွေးပြီး နိုင်ငံတော်က ရောဝတီတိုင်း၌ ကြိုတင်ဖော်ဆောင်ပေးလျက်ရှိသည်များကို အောက်ဖော်ပြပါဇယားတွင် အားပါးတရ တွေ့ရှိကြမည်ဖြစ်သည်–

တစ်ဧကအထွက်နှုန်း–တင်း
စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧက	၄၂၂၁၁၂၆	၄၄၁၅၅၉၂	၁၉၄၄၆၆
– မြေလွတ်မြေရိုင်းဧက	၆၂၉၆၉၂	၁၈၁၁၀၃	စိုက်ပျိုးမြေတိုး
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– **ဆည်၊ကန်၊တာတမံ၊ရေနုတ်**	**၇၂**	**၈၂**	**၁၀**
– ဆောင်ရွက်ပြီးလုပ်ငန်း	၇၂	၇၉	၇
– ဆောင်ရွက်ဆဲလုပ်ငန်း*	မရှိ	၃	၃
– **မြစ်ရေတင်လုပ်ငန်း**	**မရှိ**	**၃၅**	**၃၅**
– ဆောင်ရွက်ပြီးလုပ်ငန်း	မရှိ	၂၃	၂၃
– ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၆	၆
– ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၆	၆
– **ချောင်းမြောင်းတမံပိတ်ဆို့မှု**	**မရှိ**	**၇၂၆**	**၇၂၆**
– **စုစုပေါင်းရှိလာမည့်အကျိုးပြုဧက**	**၁၅၉၄၅၀၈**	**၂၃၃၃၈၁၇**	**၇၃၉၃၀၉**
သီးထပ်ဧကဖြစ်ထွန်းမှု	**၅၇၁၈၂၃**	**၂၃၂၂၈၄၅**	**၁၇၅၁၀၂၂**
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၃၁၃၂၅၅၃	၃၅၀၈၂၉၁	၃၇၅၇၃၈
– တစ်ဧကအထွက်နှုန်း*	၆၂.၈၀	၇၂.၄၆	၉.၆၆
– နွေစပါးစိုက်ဧက	မရှိ	၁၄၂၁၈၆၀	၁၄၂၁၈၆၀
– တစ်ဧကအထွက်နှုန်း*	မရှိ	၈၈.၁၂	၈၈.၁၂
– စုစုပေါင်းထုတ်လုပ်မှု*	၁၈၈၁၀၉၆	၃၇၀၄၉၄	၁၈၂၂၉၈
– ဒေသဝမ်းစာဖူလုံမှု	–	၂၉၆%	၂၉၆%
ပဲမျိုးစုံစိုက်ဧကတိုးတက်မှု	၃၀၆၀၁၈	၁၄၀၇၁၀၄	၁၁၀၁၀၈၆
ဝါစိုက်ဧက	မရှိ	၆၇၅	၆၇၅
ကြံစိုက်ဧက	မရှိ	၃၀၄	၃၀၄
ဂုန်လျှော်စိုက်ဧက	–	၅၁၉၅၉	–
အစေ့ထုတ်ပြောင်းစိုက်ဧက	၁၃၀၂၄	၇၀၀၆၄	၅၇၀၄၀
ရော်ဘာစိုက်ဧက	၉၂	၂၃၁၀	၂၂၁၈
ငရုတ်ကောင်းစိုက်ဧက	မရှိ	၃၀၅၇	၃၀၅၇
ဆီထွက်သီးနှံစိုက်ဧက			
– (မြေပဲ၊နှမ်း၊နေကြာ၊ပန်းနှမ်း)	–	၃၈၄၄၆၃	–

*** ဆောင်ရွက်ဆဲရေလှောင်တမံများ**

၁။ ကွန်ချောင်း ၂၀၀၀၀ ဧက (ကြံခင်း)
၂။ မမြ ၁၀၀၀၀ ဧက (မြန်အောင်)
၃။ ကညင် ၂၅၀၀၀ ဧက (အင်္ဂပူ)

မွေးမြူရေးနှင့်ရေလုပ်ငန်း

မျက်မှောက်ခေတ် ရောဝတီတိုင်း၏ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍကလည်း စိတ်ချအားထားရသည့်အဆင့်အထိ မြင့်တက်နေသည်။ မြစ်ချောင်းအင်းအိုင်ပေါများ၍ ယခင်ကပင် ငါးပုစွန်ရှာဖွေရလွယ်ကူခဲ့သည်။ လွယ်ကူသည်ဆိုငြား မိမိလက်အတွင်း၌ ငါးရှိနေခြင်း၊ ပုစွန်ရှိနေခြင်းမဟုတ်ပေ။ ကိုယ့်လက်ထဲရှိမှ ကိုယ့်ဥစ္စာပီပီ စိတ်ချရသည်ဟူသော အဆိုနှင့်အညီ ငါးပုစွန်မွေးမြူရေးကဏ္ဍသစ်ကို နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့သည်။ မျက်မှောက်ခေတ်၌ ရေထဲမှာ ငါးရှိသည်ဟု မသေချာသောစကားကို ဆိုဖွယ်ရာမလိုတော့ပေ။ ရောဝတီသားတို့က ကန်ထဲမှာငါးရှိသည်၊ ကန်ထဲမှာပုစွန်ရှိသည်ဟု သေချာပေါက် ဆိုနိုင်ခဲ့ကြပြီ။ မျက်မှောက်ခေတ်၌ မြန်မာနိုင်ငံ၏ ထမင်းအိုးကြီး ပြည့်မောက်ရုံမက ဟင်းအိုးကြီးပါ ပြည့်လျှံအောင် ဆောင်ရွက်ပေးနေပုံကို အောက်ပါဇယားတွင် တွေ့မြင်နိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
တိရစ္ဆာန်တိုးချဲ့မွေးမြူမှု			
– ကျွဲ	၂၉၇၀၀၀	၃၂၁၀၀၀	၂၄၀၀၀
– နွား	၁၁၁၉၀၀၀	၁၁၉၀၀၀၀	၇၁၀၀၀
– သိုး/ဆိတ်	၃၁၀၀၀	၆၄၀၀၀	၃၃၀၀၀
– ဝက်	၆၀၆၀၀၀	၈၄၃၀၀၀	၂၃၇၀၀၀
– ကြက်	၅၄၆၀၀၀၀	၉၂၃၇၀၀၀	၃၇၇၇၀၀၀
– ဘဲ	၁၇၈၉၀၀၀	၂၃၇၄၀၀၀	၅၈၅၀၀၀
– ကြက်ဆင်၊ဘဲငန်း၊မန်ဒါလီ	၃၁၂၀၀၀	၃၅၈၀၀၀	၄၆၀၀၀
ငါးပုစွန်တိုးချဲ့မွေးမြူမှု			
– ငါးမွေးမြူရေးကန်ဧက	၉၇၈.၉၇	၈၄၇၉၆.၄၈	၈၃၈၁၇.၅၁
– စပါးငါးတွဲဖက်စိုက်ပျိုးမှုဧက	မရှိ	၈၂၃၀	၈၂၃၀
– ကောင်ရေ(သိန်း)	မရှိ	၁၄.၁၅	၁၄.၁၅
– **ပုစွန်မွေးရေပြင်ဧက**	မရှိ	၄၀၁၅၇.၉၈	၄၀၁၅၇.၉၈
– **ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု**			
– **ထုတ်လုပ်မှု(သိန်း)**	၆.၄၁	၇၉၁.၁၆	၇၈၄.၇၅
– မျိုးစိုက်မှု(သိန်း)	၀.၄၈	၄၉၆.၁၀	၄၉၅.၆၂
– ရောင်းချမှု(သိန်း)	၅.၉၃	၂၉၅.၀၆	၂၈၉.၁၃
ရောဝတီမြစ်ထဲငါးမျိုးထည့်မှု(သိန်း)	မရှိ	၄၈.၅၀	၄၈.၅၀

စာမျက်နှာ ၁၀ ကော်လံ ၁

၁၉၈၈ ခုနှစ်နောက်ပိုင်း

ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် အရှည်ပေ ၂၁၄၀ ရှိပြီး ငဝန်မြစ်ကို ဖြတ်သန်းတည်ဆောက်ပေးထားသော ပုသိမ်တံတားအလှကို မြစ်အနောက်ဘက်ကမ်းမှ ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်တွင် လယ်မြေ ဧက ၂၀၀၀၀ ကို အကျိုးပြုလျက်ရှိသည့် ပန်းလှိုင်ရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ တစ်နေ့တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း) ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ အစိုးရ နည်းပညာ ကောလိပ်ပင်မ အဆောက်အအုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၈ မှ

သစ်တောပြုစုပျိုးထောင်မှု

ဧရာဝတီတိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ ပင်လယ်ဝနှင့်လည်း ဆက်စပ်နေသည်။ မြစ်ချောင်းများ ထိန်းသိမ်းရေးနှင့် ရေသယံဇာတများ တည်တံ့တိုးပွားရေးအတွက် ဒီရေတောများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ဧရာဝတီသားတို့ အားတက်သရော ပါဝင်ပူးပေါင်းဆောင်ရွက်နေပုံကို အောက်ပါသစ်တောပြုစုပျိုးထောင်မှုဇယားတွင် ရှုမြင်နိုင်ပေသည်- *** စတုရန်းမိုင**

သစ်တောပြုစုထိန်းသိမ်းမှုကဏ္ဍ ***အပင်(သန်း)**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၂၇၈၁	၂၇၈၁	-
သဘာဝနယ်မြေဧရိယာ*	၁.၃၄	၅၃.၁၂	၅၂.၇၈
သစ်တောစိုက်ခင်းထူထောင်ခြင်း(ဧက)	၇၂၀၀	၁၃၂၆၁၀	၁၂၅၄၁၀
- ဒီရေတောစိုက်ခင်းဧက	၄၄၅၀	၃၉၅၄၆	၃၅၀၉၆
- ကျွန်းအထူးစိုက်ခင်းဧက	မရှိ	၁၄၀၀၀	၁၄၀၀၀
- စီးပွားရေးစိုက်ခင်းဧက	၁၈၀၀	၃၂၈၃၉	၃၁၀၃၉
- ကျေးရွာသုံးစိုက်ခင်းဧက	၉၅၀	၄၀၀၈၅	၃၉၁၃၅
- စက်မှုကုန်ကြမ်းစိုက်ခင်းဧက	မရှိ	၁၀၆၀၀	၁၀၆၀၀
သစ်ဆိမ့်ပင်စိုက်ခင်း(ဧက)	မရှိ	၂၂၅၀	၂၂၅၀
လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း	၀.၃၁	၁၇.၁၃	၁၆.၈၂

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

၁၉၈၈ ခုနှစ်က ဧရာဝတီတိုင်း၏အနေအထားကိုပြောရလျှင် မြေပေါ်မှာ စပါးရှိသည်၊ ရေထဲမှာငါးရှိသည်။ သို့သော် ဧရာဝတီမှာတံတားမရှိဟု ဆိုရမည်ဖြစ်သည်။ မြစ်ချောင်းအင်းအိုင် ပေါများသည့်အတွက် ယခင်က လှေသင်္ဘောတို့ဖြင့် ခရီးနှင်ရ၍ ခရီးမတွင်။ ရေပတ်လည်ဝိုင်းနေသော နေရာကို ကုန်းမြေဟုဆိုရလောက်အောင် မြစ်ချောင်းအင်းအိုင်များက ပေါများလှသဖြင့် ကားလမ်းဖောက်လုပ်ပေးရန် နယ်ချဲ့ခေတ်ကလည်း စိတ်မကူး၊ နောက်ပိုင်းခေတ်အဆက်ဆက်၌လည်း မထူးခြား၊ သဘာဝဟာ သဘာဝပဲဟု ပစ်ထားခြင်းခံခဲ့ရသည်။

တပ်မတော်သည် နိုင်ငံအနှံ့ခြေဆန့်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရစဉ် ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရသောဖြစ်ရပ်များကို အလကားမထား၊ အမြဲတမ်း ပြန်လည်သုံးသပ်၍ အပြုသဘောဖြင့် ဆင်ခြင်မှတ်တမ်းတင်ထားမြဲ ဖြစ်သည်။ ဒေသတိုင်း၏အခက်အခဲကို ဒေသခံတို့ပင် တစ်နေရာနှင့်တစ်ဌာန ဂဃနဏမသိကြသော်လည်း နိုင်ငံတစ်ဝန်း၌ တပ်မတော် မရောက်ဖူးသည့် ဒေသ၊ ခြေမချဖူးသည့်နေရာမရှိသဖြင့် တပ်မတော်က အလုံးစုံကို သိနေခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်တာဝန်ယူရသည့်ကာလတွင် ရွှေကိုမလို ရေကိုသာလိုသူတို့ဘဝကို ရေလိုထာဝရ အေးမြ စေခဲ့သည်။ ငွေသိန်းသန်းကုဋေမလို ပြည်ငြိမ်းချမ်းစေလိုသူတို့၏ဒေသကို လလိုထာဝရ ချမ်းမြစေခဲ့သည်။

ဤသို့ဖြင့် မျက်မှောက်ခေတ်၌ ရေတစ်ပိုင်းကုန်းတစ်ပိုင်း၊ ကုန်းတစ်တန် ရေတစ်တန်ဘဝမှ ဧရာဝတီတိုင်းသားတို့ လွတ်မြောက်ခဲ့ကြသည်။ ၂၂-၁၁-၂၀၀၅ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည့် ပုသိမ်တံတားအပါအဝင် ဧရာဝတီတိုင်းအတွက် တံတားလက်ဆောင် ၄၀ ဖော်ဆောင်ပေးခဲ့သည်။ ငဝန်မြစ်ကူးသိုင်းချောင်းတံတား၊ မြောင်းမြတံတား၊ လပွတ္တာတံတား၊ မအူပင်တံတား၊ ဖိုလ်မြတ်ထွန်းတံတား၊ ဂုံညှင်းတန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ ဒေးဒရဲတံတား၊ ဒါးကတံတား စသည့် စီမံကိန်းဝင်တံတားကြီးများ ပွားစီးလာသည်။

ယခုဆိုလျှင် ရန်ကုန်နှင့်ပုသိမ် ဓိမ်ဖြင့်သွားနိုင်ပြီ၊ ပုသိမ်မှရန်ကုန် အချိန်မကုန်ဘဲ ရောက်ခဲ့ပြီ။ ၁၉၈၈ ခုနှစ်က တိုင်းအတွင်း လမ်းမိုင် ၄၄၀ သာရှိခဲ့ရာမှ မိုင်ပေါင်း ၉၀၀ နီးပါးတိုးတက်ကာ လမ်းမိုင် ၁၃၃၂ မိုင် ၂ ဖာလုံအထိ ရှိနေသည်။ တည်ဆောက်နေဆဲ ဖျာပုံတံတားနှင့် မြင်းကဆိပ်တံတား ဖွင့်လှစ်ပြီးလျှင် ဧရာဝတီတိုင်းအတွင်း မြို့နယ် အားလုံးနီးပါးကို ကားလမ်းခရီးဖြင့် နာရီပိုင်းအတွင်း သွားရောက်နိုင်ပြီဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် နေရစ်တော့ ခေတ်ဟောင်းဟု ဆိုရလောက်အောင် နေရောင်အောက်၌ ရွှေရောင်တောက်နေသော တံတားအမျိုးမျိုးအစားစားဖြင့် ရိုးသား၊ ကြိုးစား၊ ဧရာဝတီသားတို့၏ ဘဝကွင်းဆက်လင်းလက်လျက်ရှိနေကြောင်း အောက်ပါဇယားက ဖော်ပြနေပေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ရထားပို့ဆောင်ရေး			
- ရထားလမ်းခရီးမိုင်	၁၄၇.၀၀	၁၄၇.၀၀	-
- သံလမ်းမိုင်	၁၉၁.၇၀	၁၉၁.၇၀	-
- ခရီးသည်ဦးရေ	၂၂၉၉၅၀၀	၂၄၅၁၈၀၀	၁၅၂၃၀၀
- ခရီးသည်မိုင်	၁၇၉၀၀၂.၁	၁၈၃၈၇၇.၉	၄၈၇၅.၈
- ကုန်တန်ချိန်	၆၁၃၀၀	၉၂၂၀၀	၃၀၉၀၀
- ကုန်တန်မိုင်	၃၂၄၆.၀	၆၁၉၀.၈	၂၉၄၄.၈
- ဘူတာရုံ	၄၁	၄၂	၁
လေယာဉ်ကွင်းများ			
- ပြေးလမ်းပေ(၅၀၀၀)အထက်	မရှိ	၁	၁
- ပြေးလမ်းပေ(၅၀၀၀)အောက်	၁	-	အဆင့်မြှင့်တင်
ကားလမ်းများတိုးချဲ့ဖောက်လုပ်မှု(မိုင်)	၄၄၀/၀	၁၃၃၂/၂	၈၉၂/၂
- ကတ္တရာလမ်းမိုင်	၁၉၃/၀	၅၀၄/၆	၃၁၁/၆
- ကျောက်ခင်းလမ်းမိုင်	၆၀/၀	၄၄၁/၅	၃၈၁/၅
- အမာခံလမ်းမိုင်	၁၄၄/၀	၁၇၄/၂	၃၀/၂
- မြေသားလမ်းမိုင်	၄၃/၀	၂၁၁/၅	၁၆၈/၅
တံတားများတိုးချဲ့တည်ဆောက်မှု			
- ပေ(၁၈၀)အထက်တံတား	၁၁	၆၀	၄၉
- တည်ဆောက်ပြီးတံတား *	၁၁	၅၁	၄၀
- တည်ဆောက်ဆဲတံတား *	မရှိ	၆	၆
- တည်ဆောက်မည့်တံတား *	မရှိ	၃	၃
- ပေ(၁၈၀)အောက်တံတား	၈၇	၂၁၉	၁၃၂

*** တည်ဆောက်ပြီးစီမံကိန်းဝင်တံတားကြီး(၁၄)စင်း**

၁။ ခတ္တိယတံတား (မအူပင်)
၂။ ဒေးဒရဲတံတား (ဖျာပုံ)
၃။ ဆိပ်မတံတား (ဘိုကလေး)
၄။ နတ်ချောင်းတံတား (ဘိုကလေး)
၅။ မြောင်းမြတံတား (မြောင်းမြ)
၆။ မအူပင်တံတား (မအူပင်)
၇။ ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း)
၈။ လပွတ္တာ(ပင်လယ်လေး)တံတား
၉။ ဂုံညှင်းတန်းတံတား (ကျိုက်လတ်)
၁၀။ ပန်းတနော်တံတား (ပန်းတနော်)
၁၁။ ဒါးကတံတား (ကန်ကြီးထောင့်)
၁၂။ ဝါးခယ်မတံတား (ဝါးခယ်မ)
၁၃။ ရွှေလောင်းတံတား (ရွှေလောင်း)
၁၄။ ပုသိမ်တံတား (ပုသိမ်)

*** တည်ဆောက်ဆဲတံတား(၆)စင်း**

၁။ဖျာပုံတံတား (ဖျာပုံ)
၂။မြင်းကဆိပ်တံတား (မြောင်းမြ)
၃။မရမ်းငူတံတား (မြောင်းမြ)
၄။မောင်ဘိဝတံတား (ပုသိမ်)
၅။ကျောက်ချောင်းကြီးတံတား (ပုသိမ်)
၆။ငဝန်တံတား(မြို့ကွင်း) (အင်္ဂပူ)

*** တည်ဆောက်မည့်တံတား(၃)စင်း**

၁။ကျွန်းကုန်းတံတား (အိမ်မဲ)
၂။ကျွန်းပြဿဒ်တံတား (မော်လမြိုင်ကျွန်း)
၃။ရာဇူဒိုင်တံတား (မအူပင်)

ဆက်သွယ်ရေး

ဧရာဝတီတိုင်း၏ ဆက်သွယ်ရေးနယ်ပယ်သည် ကျေးလက်ဒေသအထိ ကျယ်ပြန့်ပြီး ဆက်သွယ်နိုင်သည့် စွမ်းအားလည်း တိုးတက်နေသည်။ မြို့နယ်များတွင် တယ်လီဖုန်းလိုင်းအင်အားတိုးချဲ့ပြီး အော်တိုအိတ်ချိန်းများလည်း ထူထောင်ပေးနေသည်။ ယခင်က ကုန်းတစ်တန်၊ ရေတစ်တန်၊ စာတစ်တန် ပေတစ်တန်၊ မျက်မှောက်ခေတ်၌ ကားသံတဝီဝီ၊ တယ်လီဖုန်းသံ တလွင်လွင်ဖြင့် အဆင့်ဆင့်ပြောင်းလဲတိုးတက်နေသော ဧရာဝတီတိုင်းကို ဝေသာလီဗျိုင်းကလေးများပင် မှင်တက်အံ့သြ ငေးမောနေရပြီဟုဆိုလျှင် လွန်မည်မထင်ပေ။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၁၂၄	၁၄၂	၁၈
ကြေးနန်းရုံး	၃၁	၄၂	၁၁
ဖက်စ်စီမီလီ	၁	၆၆	၆၅
ကွန်ပျူတာကြေးနန်း	မရှိ	၅	၅
တယ်လီဖုန်းလုပ်ငန်း			
- တယ်လီဖုန်းရုံး	၃၁	၉၂	၆၁
- လိုင်းအင်အား	၄၇၉၅	၂၀၁၈၄	၁၅၃၈၉
- အိတ်ချိန်း	၃၁	၆၆	၃၅
- တိုက်ရိုက်လိုင်း	၄၃၈၉	၁၈၄၀၄	၁၄၀၁၅
- အော်တို/လက်သုံးတယ်လီဖုန်း	၄၃၈၉	၁၇၅၉၂	၁၃၂၀၃
- အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၈၁၂	၈၁၂
- တယ်လီဖုန်းသိပ်သည်းဆ*	၀.၇၈	၂.၄၉	၁.၇၁
မိုက္ကရိုဝေ့ဖ်စခန်း	၁၀	၁၉	၉
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၂၆	၂၆
အီးမေးလ်၊အင်တာနက်	မရှိ	၃	၃
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
- VSAT	မရှိ	၁	၁
ပြည်ပရေအောက်ကေဘယ်လ်စခန်း	မရှိ	၁	၁

အော်တိုတယ်လီဖုန်းဌာန၏လိုင်းအားတိုးချဲ့ခြင်း(ဆောင်ရွက်ဆဲ)

၁။ ဘိုကလေး လိုင်းအင်အား(၅၀၀)
၂။ ငွေဆောင် လိုင်းအင်အား(၅၀၀)
၃။ ချောင်းသာ လိုင်းအင်အား(၅၀၀)

ဆောင်ရွက်ဆဲနယ်အော်တိုအိတ်ချိန်းစီမံကိန်း

၁။ ညောင်တုန်း လိုင်းအင်အား(၇၀၀)
၂။ ပန်းတနော် လိုင်းအင်အား(၅၀၀)
၃။ ကျောင်းကုန်း လိုင်းအင်အား(၅၀၀)
၄။ ဝါးခယ်မ လိုင်းအင်အား(၆၀၀)
၅။ မော်လမြိုင်ကျွန်း လိုင်းအင်အား(၇၀၀)
၆။ လပွတ္တာ လိုင်းအင်အား(၆၀၀)

လျှပ်စစ်စွမ်းအား

၁၉၈၈ ခုနှစ်၌ ဧရာဝတီတိုင်း၌ ဓာတ်အားသုံးစွဲနိုင်မှု ယူနစ်သန်းပေါင်း ၁၀၀ဒသမ၁၁၄ သန်းသာရှိခဲ့သည်။ မျက်မှောက်ခေတ်၌ ယူနစ်သန်း ၇၀ ကျော်တိုးမြှင့်ပေးထားသည်။ မဟာဓာတ်အားလိုင်းမှ ဓာတ်အားများသွယ်တန်းပေးနိုင်ခဲ့သဖြင့် ယခင်ဓာတ်အားပေးစက်ရုံတချို့ကို အခြားလိုအပ်သောဒေသများသို့ ပြောင်းရွှေ့အသုံးပြုနိုင်ခဲ့သည်။

နိုင်ငံတော်၌ ပြောင်းလဲကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှုများကို ခွင့်ပြုပေးထားသည်နှင့်အမျှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှုစွမ်းအားသည် တစ်စထက်တစ်စ မြင့်မားလာသည့်အပြင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာပြီး ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို တိုးချဲ့သုံးစွဲလာနေကြသည်။ တစ်ပြိုင်တည်းမှာပင် ပုဂ္ဂလိကစက်ရုံအလုပ်ရုံအသစ်များ၊ နိုင်ငံပိုင်စက်ရုံကြီးများ တိုးချဲ့ဖြစ်ပေါ်လာပြီး စက်မှုကဏ္ဍ၏ တိုးတက်မှုအရှိန် မြင့်မားလာသည့်အပြင် မြို့ပြဒေသများ တိုးချဲ့ဖြစ်ပေါ်နေသကဲ့သို့ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာပြီး လျှပ်စစ်သုံးစွဲမှုပမာဏသည် အဆများစွာ တိုးတက်လာခဲ့သည်။

တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက် ရှိသည်ဟု တွက်ချက်ရရှိထားသည်။ ရန်ကုန်မြို့တော်တစ်ခုတည်း၏ ဓာတ်အားသုံးစွဲမှုကိုကြည့်မည်ဆိုလျှင် လွန်ခဲ့သည့် ၁၅ နှစ်ခန့်အတွင်း မဂ္ဂါဝပ် ၁၃၀ ခန့်သုံးစွဲရာမှ မဂ္ဂါဝပ် ၄၅၀ ခန့်အထိ တိုးတက်မြင့်မားလာသည်ကို တွေ့နိုင်သည်။

နိုင်ငံတော် အကြီးအကဲက လျှပ်စစ်စွမ်းအားထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လက်ရှိငါးနှစ်စီမံကိန်းကာလအတွင်းမှာပင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ ထုတ်လုပ်သွားရန် လမ်းညွှန်ထားပြီးဖြစ်သည်နှင့်အညီ တစ်ဆက်တည်း အကောင်အထည်ဖော်လျက်ရှိသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အနှစ် ၃၀နှစ်ရှည် လျှပ်စစ်ဖွံ့ဖြိုးရေး မဟာဗျူဟာ ချမှတ်ပြီး ကာလတိုငါးနှစ်စီမံကိန်းများအလိုက် တည်ဆောက်ရမည့် ရေအားလျှပ်စစ် စီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းများမှာ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးမည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ပေးမည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀ ထုတ်လုပ်မည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထုတ်လုပ်မည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ် ၄၀ ထုတ်လုပ်မည့် ဖြူးချောင်းစီမံကိန်း၊ ၇၅ မဂ္ဂါဝပ်ထုတ်လုပ်မည့် ရွှေကျင်စီမံကိန်း၊ ၂၅ မဂ္ဂါဝပ် ထုတ်လုပ်မည့် ရဲနွယ်စီမံကိန်း၊ ၅၄ မဂ္ဂါဝပ်ထုတ်လုပ်မည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းစီမံကိန်းတို့ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။ အထူးသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တည်ဆောက်နေသည့် ရွှေလီစီမံကိန်းသည် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ရာ ဆောလျင်စွာပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တီကျစ်၌လည်း မဂ္ဂါဝပ် ၁၂၀ ထွက်ရှိမည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်လျက်ရှိရာ မဂ္ဂါဝပ် ၆၀ စက်တစ်လုံးကို မကြာမီလည်ပတ်၍ ဓာတ်အားထုတ်လုပ်ပေးနိုင်အောင် ကြိုးပမ်းလျက်ရှိနေပေသည်။

*** ဓာတ်အားသုံးစွဲမှု-ယူနစ်(သန်း)**
*** မဂ္ဂါဝပ်**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု*	၁၀၀.၁၁၄	၁၇၀.၇၉၈	၇၀.၆၈၄
အမြင့်ဆုံးဝန်အား*	၁၂.၅၀၀	၄၅.၄၄၈	၃၂.၉၄၈
အခြားဓာတ်အားပေးစက်ရုံများ			
- သဘာဝဓာတ်ငွေ့သုံးစက်ရုံ	၂	၁	ပြောင်းရွှေ့
- ဒီဇယ်ဆီသုံးစက်ရုံ	၈၀	၁၂	မဟာဓာတ်အားတိုး
လက်ရှိစက်တပ်ဆင်အင်အား*	၉၁.၇၇၇	၂၇.၁၆၈	မဟာဓာတ်အားတိုး

စွမ်းအင်

ဧရာဝတီတိုင်းတွင် ၁၉၆၄ ခုနှစ်၌ မြန်အောင်ရေနံမြေနှင့် ၁၉၆၇ ခုနှစ်၌ ရွှေပြည်သာရေနံမြေတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ထန်းတပင်ရေနံမြေကို ရှာဖွေတွေ့ရှိပြီး ၂၀၀၄ ခုနှစ်တွင်လုပ်ငန်းများပြီးဆုံးခဲ့သည်။ ဘုရားကုန်း၌ ၁၉၆၀ ပြည့်နှစ်တွင် ရေနံမြေတစ်ခုတွေ့ရှိခဲ့ပြီး ၁၉၉၃ ခုနှစ်၌ လုပ်ငန်းများပြီးဆုံး၍ ပိတ်သိမ်းခဲ့သည်။ ဘုရားကုန်း၌ပင် စိန်ဟိုင်းရေနံမြေကို ၁၉၈၄ ခုနှစ်တွင်တွေ့ရှိပြီး ၁၉၉၄ ခုနှစ်၌ လုပ်ငန်းများပြီးဆုံးခဲ့သည်။ ယခုအခါ မြန်အောင်၊ ရွှေပြည်သာနှင့် ညောင်တုန်း ရေနံမြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ပေးနေသည်။

ရတနာကမ်းလွန်ရေနံမြေကို ၁၉၉၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ရရှိနေသည်။ နောက်ထပ်ကမ်းလွန် လုပ်ကွက်နှစ်ခုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်မှု ပြုလုပ်လျက်ရှိသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ရေနံမြေ(ကုန်းတွင်းပိုင်း)	၅	၃	လုပ်ငန်းပြီးစီး
ရေနံမြေ(ကမ်းလွန်)	-	၁	၁
သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်(မိုင်)	၄၆.၅၁	၃၂၃.၀၃	၂၇၆.၅၂
ရေနံစိမ်းထုတ်လုပ်မှု(စည်)	-	၅၀၀၃၇၈	၅၀၀၃၇၈
ဓာတ်ငွေ့ထုတ်လုပ်မှုကုဗပေ(သန်း)	-	၂၆၀၉၇၄.၂၂	၂၆၀၉၇၄.၂၂

စက်မှုလက်မှု

ပြည်ထောင်စုအမိရင်ခွင်၌ ပြည်နယ်နှင့်တိုင်း ၁၄ ခုသည် အလှကိုယ်စီရှိနေကြသည်။ မရှိအတူ၊ ရှိအတူ အေးအတူပူအမျှဖြင့် ဘဝကိုယ်စီလည်း တူညီခဲ့ကြသည်။ သားသမီးတိုင်းကို တစ်ဦးကျန်းမာချမ်းသာသလို ကျန်အားလုံးကိုလည်း ကျန်းမာချမ်းသာစေအောင် ပြုစုပျိုးထောင်ပေးမှ မာတာ ပီတမိဘတို့၏ဝတ္တရားမွန် ကျေပွန်ပေလိမ့်မည်။

တပ်မတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းအားလုံးကို သားရွှေဥမျက်ရှုကြေးမုံသဖွယ် ပြုစုပျိုးထောင်ပေးလျက် ရှိသည်။ အားလုံးပညာဉာဏ်ကြီးသူများ ဖြစ်စေရမည်။ အားလုံးဥစ္စာဓနကြွယ်ဝသူများ ဖြစ်စေရမည်။ အားလုံး ဗလငါးတန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသူများဖြစ်စေရမည်။ မိသားစုတစ်စုလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြရမည်။ ထို့အတူ ဦးထမ်းပဲ့ထမ်းနိုင်ရာဝန်ထမ်းလျက် အားမာန်စိုက်ထုတ် အလုပ်လုပ်သူများလည်း ဖြစ်စေချင်သည်။

ထို့ကြောင့် စိုက်ရေးပျိုးရေးအတွက် ဆည်တမံများ တည်ဆောက်ပေးသည်။ တစ်ရက်စာ ဟင်းစားမပေးဘဲ တစ်သက်စာကွန်ချက်ပြကာ မွေးမြူထုတ်လုပ်ရေး အားပေးသည်။ သွားရေးလာရေးအတွက် လမ်းတံတားများ ဖောက်လုပ်ပေးသည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တည်ဆောက်ပေးသည်။ နောင်ရေးစိတ်အေးရအောင် စဉ်ဆက်မပြတ် ပညာရေးဖြင့် လမ်းဖွင့်ပေးထားသည်။ ယခင်ကာလများကလို ပျောက်သောလမ်းမှာ စမ်းတဝါးဝါးမဖြစ်ရအောင် လမ်းမှန်ပေါ်တင်ပေးနေခြင်းဖြစ်သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ကြပြီ၊ လမ်းကြောင်းမှန်ပေါ်လည်း ရောက်ရှိနေကြပြီ၊ ထိုအခါသယမတွင် တက်ညီလက်ညီ ပန်းတိုင်ဆီသို့ ဦးတည်ချီတက်ကြမည်သာဖြစ်သည်။

စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်ကြရာတွင် မှတ်တိုင်များစွာ စိုက်ထူနိုင်ခဲ့သည်။ ယခု စိုက်ပျိုးရေးနိုင်ငံမှတ်တိုင်ကို ပြိုင်တူ စိုက်ထူနေကြသည်။ ဆက်လက်စိုက်ထူရမည့်မှတ်တိုင်မှာ စက်မှုနိုင်ငံမှတ်တိုင် ဖြစ်သည်။

မျက်မှောက်ခေတ်၌ ညီနောင်ပြည်နယ်/တိုင်းများနည်းတူ ဧရာဝတီတိုင်း၏ စက်မှုလက်မှုကဏ္ဍကို အားပေး မြှင့်တင်နေသည်။ ပုသိမ်စက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်နှင့် မြောင်းမြစက်မှုဇုန်တို့ဖြစ်သည်။ စိုက်ပျိုးရေးအခြေခံရှိသော ဧရာဝတီတိုင်းကလည်း စက်မှုနိုင်ငံဆီသို့ ဦးတည်ချက်နှင့်အညီ ခြေလှမ်းပြင်နေပုံကို အောက်ပါဇယားဖြင့် ဖော်ပြထားပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- **စက်မှုဇုန်များ**	မရှိ	၃	၃
- လုပ်ငန်းပေါင်း	မရှိ	၁၂၅၁	၁၂၅၁
- ပုဂ္ဂလိကစက်ရုံ	၂၀၀၈	၆၂၅၇	၄၂၄၉
- အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ	မရှိ	၄၅၃	၄၅၃
နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	၅၉	၆၄	၅

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

ပညာရေး

မျက်မှောက်ခေတ်တွင် ပညာတစ်ပိုင်းတစ်စဖြင့် မိဘလက်ငုတ်ဝင်လုပ်ရသူ အချိုးအစားနည်းပါးအောင် ပညာရေးကဏ္ဍဖြင့် ဖော်ဆောင်ပေးနေသည်။ ပညာအပြည့်အဝဖြင့် မိဘလုပ်ငန်း တစ်ခေတ်ဆန်းအောင် ကြိုးပမ်းနိုင်သူ အင်အား တိုးပွားအောင် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည်။

နယ်စပ်ဒေသမှ ကျောင်းသူကျောင်းသားများကို ဇာတိဌာနေမွေးရပ်မြေ၌ ဆရာတစ်ဆူ ပါရဂူအဖြစ် မျိုးဆက်သစ်များ ပြန်လည်မွေးထုတ်ပေးနိုင်သည်အထိ ရည်ရွယ်ချက်ထားရှိကာ ပြုစုပျိုးထောင်ပေးနေသည်။ ကျေးလက်ဒေသမှ ကျောင်းသူကျောင်းသားများကို ဇာတိချက်ကြွေ မွေးရပ်မြေ၌ စိုက်ပျိုးမွေးမြူရေးပညာရှင် ကျွမ်းကျင်သူများအဖြစ် နည်းပညာသစ်များ ထပ်ဆင့်ဖော်ထုတ်ပေးနိုင်သည်အထိ ရည်မှန်းချက်ထားရှိကာ မြေတောင်မြှောက်ပေးနေသည်။ တစ်ပြည်လုံးမှ ကျောင်းသူ ကျောင်းသားများကို အမိတိုင်းပြည် အမိမြေ၌ အသိပညာရှင် အတတ်ပညာရှင်များအဖြစ် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ကမ္ဘာနှင့်ရင်ပေါင်တန်း ထမ်းဆောင်နိုင်ရေး မျှော်မှန်းချက်ထားရှိကာ ပညာအမွေ ဖြန့်ဝေပေးလျက်ရှိသည်။

တပ်မတော်အစိုးရလက်ထက်တွင် ဧရာဝတီတိုင်း၌ ပုသိမ်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်နှင့် မအူပင်တက္ကသိုလ် ဟူ၍ တက္ကသိုလ်သုံးခု ရှိလာသည်။ ပုသိမ်ပညာရေးကောလိပ်၊ ဘိုကလေးပညာရေးကောလိပ်၊ မြောင်းမြပညာရေးကောလိပ်များ ဖြစ်ထွန်းလာသည်။ ယခင်က အဆင့်မြင့်ပညာသင်ယူသူ ၄၉၂၀ သာ ရှိခဲ့ရာမှ ယခု ၆၆၉၉၃ ဦးအထိ ရှိနေသည်။ အခြေခံပညာကျောင်း ၆၃၂၄ ကျောင်းအထိ တိုးပွားခဲ့သည်။ သက်ကြီးစာတတ်မြောက်မှုနှုန်းနှင့် သူငယ်တန်း ကျောင်းဝင်နှုန်း ထူးထူးခြားခြား မြင့်မားလျက်ရှိသော ဧရာဝတီတိုင်း၏ ပညာတန်ဆောင်အလင်းရောင်ကို အောက်ပါ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက ထင်ဟပ်ဖော်ပြနေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– **ကျောင်းအင်အား**	**၅၁၈၉**	**၆၃၂၄**	**၁၁၃၅**
– အထက်တန်း	၇၉	၂၅၇	၁၇၈
– အလယ်တန်း	၂၂၇	၄၃၂	၂၀၅
– မူလတန်းလွန်	မရှိ	၄၂၇	၄၂၇
– မူလတန်း	၄၈၈၃	၅၂၀၈	၃၂၅
– **မာလ်တီမီဒီယာစာသင်ခန်း**	မရှိ	၁၈၂	၁၈၂
– **e-Learning Centre**	မရှိ	၆၂	၆၂
– **ဆရာ၊ဆရာမဦးရေ**	၂၁၉၄၄	၂၇၃၃၉	၅၃၉၅
– **ကျောင်းသားဦးရေ**	၆၇၅၄၂၄	၁၀၂၅၂၅၄	၃၄၉၈၃၀
– **မူလတန်းကြို**			
– ကျောင်းအင်အား	မရှိ	၃၆	၃၆
– ကလေးဦးရေ	မရှိ	၇၈၅	၇၈၅
– **ဆရာအတတ်သင်ပညာရေး**			
– ပညာရေးကောလိပ်	၃	၃	အဆင့်တိုးမြှင့်
– ဆရာ၊ဆရာမဦးရေ	၁၃၈	၁၂၁	(–) ၁၇
– သင်တန်းသားဦးရေ	၁၁၀၃	၅၈၁၉	၄၇၁၆
– **သူငယ်တန်းကျောင်းဝင်နှုန်း**	၇၀.၅၂%	၉၇.၇၈%	၂၇.၂၆%
– **သက်ကြီးစာတတ်မြောက်မှုနှုန်း**	၉၁.၀၇%	၉၈.၉၀%	၇.၈၃%
– **ပညာရေးအဟောသိကံဖြစ်မှုနှုန်း**			
– မူလတန်းအဆင့်	၄၆.၈၈%	၁၆.၅၈%	၃၀.၃၀%
– အလယ်တန်းအဆင့်	၄၀.၅၆%	၁၃.၆၃%	၂၆.၉၅%
အဆင့်မြင့်ပညာမြှင့်တင်မှု			
– **တက္ကသိုလ်၊ကောလိပ်၊ဒီဂရီကောလိပ်**	**၂**	**၆**	**၄**
– အသက်မွေးဝမ်းကျောင်းတက္ကသိုလ်	–	–	–
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၃	၃
– ဒီဂရီကောလိပ်	၁	–	အဆင့်တိုးမြှင့်
– ကောလိပ်	၁	၃	၂
– Wide Area Network			
– No of WAN Sites	မရှိ	၇	၇
– **သင်ကြားရေးအစီအစဉ်များ**	၈	၆၂	၅၄
– **ဆရာ၊ဆရာမဦးရေ**	၂၂၇	၆၄၂	၃၆၅
– **ကျောင်းသားဦးရေ**	၄၉၂၀	၆၆၉၉၃	၆၂၀၇၃
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	**မရှိ**	**၃**	**၃**
– e-Learning Centre	မရှိ	၆၅	၆၅

သိပ္ပံနှင့်နည်းပညာ

မျက်မှောက်ခေတ်၌ နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် မြို့ပြ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို မြန်မာအင်ဂျင်နီယာပညာရှင်များ၊ မြန်မာဗိသုကာပညာရှင်များ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်း တည်ဆောက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ တိုင်းချစ်ပြည်ချစ် အမျိုးသားရေး စွမ်းအားစုများ စဉ်ဆက်မပြတ်ထွန်းကားအောင် ဧရာဝတီတိုင်း၌ ဖော်ဆောင်ပေးလျက်ရှိရာ အောက်ဖော်ပြပါအတိုင်း အောင်မြင်မှုများ ရရှိနေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
– **အစိုးရနည်းပညာကောလိပ်(ဟသ်ာတ)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	၄	၅	၁
– **အစိုးရနည်းပညာကောလိပ်(ပုသိမ်)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၁၀	၁၀
– **အစိုးရနည်းပညာကောလိပ်(မအူပင်)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၇	၇
– ဆရာ၊ဆရာမဦးရေ	၄၇	၃၄၅	၂၉၈
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၂၇၄	၇၈၃၇	၇၅၆၄
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၉၄၇	၃၉၄၇
– **အစိုးရကွန်ပျူတာကောလိပ်(ဟသ်ာတ)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
– **အစိုးရကွန်ပျူတာကောလိပ်(မအူပင်)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
– **အစိုးရကွန်ပျူတာကောလိပ်(ပုသိမ်)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
– ဆရာ၊ဆရာမဦးရေ	မရှိ	၆၃	၆၃
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၂၁၁	၂၁၁
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၉၅၈	၉၅၈
– **အစိုးရစက်မှုလက်မှုသိပ္ပံ(ဝါးခယ်မ)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၃	၃
– ဆရာ၊ဆရာမဦးရေ	မရှိ	၅၀	၅၀
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၈၀၀	၈၀၀
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၅၇၂	၅၇၂
စက်မှုလက်မှုအထက်တန်းကျောင်း(ပုသိမ်)	မရှိ	၁	၁

ကျန်းမာရေး

မျက်မှောက်ခေတ်၌ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ထွန်းလာစေရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေးတို့အတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံး လွှမ်းခြုံပေးလျက်ရှိရာ ဧရာဝတီတိုင်း၏ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများ တိုးတက်မြင့်မားလာခဲ့သည်။ ၁၉၈၈ ခုနှစ်က ခုတင်(၂၀၀)ဆံ့ ဆေးရုံတစ်ရုံသာရှိခဲ့ရာမှ ယခုသုံးရုံအထိ ရှိလာသည်။ နေရာဒေသ၊ လူဦးရေအမျိုးအစားနှင့်အညီ ကျန်းမာရေးဝန်ထမ်းများကိုလည်း တိုးမြှင့်ခန့်ထားပေးခဲ့သည်။ ရိုးသားကြိုးစား ဧရာဝတီသားများအား အသက်ရှည်စွာအနာမဲ့နိုင်ရေးအတွက် နိုင်ငံတော်က အောက်ဖော်ပြပါအတိုင်း မြှင့်တင်ပေးလျက်ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	**၆၅**	**၇၅**	**၁၀**
– ခုတင်(၂၀၀)	၁	၃	၂
– ခုတင်(၁၀၀)	၄	၂	အဆင့်တိုးမြှင့်
– ခုတင်(၅၀)	၅	၇	၂
– ခုတင်(၂၅)	၅	၄	အဆင့်တိုးမြှင့်
– (၁၆)ခုတင်	၁၀	၁၀	–
– တိုက်နယ်ဆေးရုံ/မြို့နယ်ဆေးရုံ	၄၀	၄၉	၉
ကျန်းမာရေးလုပ်ငန်းဌာနများ	**၂၃၆**	**၂၄၇**	**၁၁**
– ကျေးလက်ကျန်းမာရေးဌာန	၁၈၅	၁၉၅	၁၀
– မိခင်ကလေးကျန်းမာရေးဌာန	၄၃	၄၃	–
– ဒေသန္တရကျန်းမာရေးဌာန	၂	၃	၁
– ကျောင်းကျန်းမာရေးအဖွဲ့	၆	၆	–
ကျန်းမာရေးဝန်ထမ်းများ	**၁၉၉၁**	**၃၁၈၄**	**၁၁၉၄**
– ဆရာဝန်(အထူးကု/လက်ထောက်)	၂၄၅	၄၆၅	၂၂၀
– သူနာပြု	၂၇၅	၇၆၂	၄၈၇
– ကျန်းမာရေးဆရာမ	၁၈၈	၂၀၀	၁၂
– သားဖွားဆရာမ	၁၀၀၉	၁၂၉၇	၂၈၈
– ကျွမ်းကျင်ဝန်ထမ်း	၂၂	၃၇	၁၅
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၁၀	၁၀
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၂၆	၂၆
– လက်ထောက်ကျန်းမာရေးမှူး	၁၄၉	၁၈၇	၃၈
– ကြီးကြပ်(၁)/(၂)	၁၀၂	၂၀၀	၉၈
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	မရှိ	၁	၁
– တိုင်းရင်းဆေးပေးခန်း	၈	၃၂	၂၄
သင်တန်းကျောင်းများ			
– သူနာပြုသင်တန်းကျောင်း	၁	၂	၁
– သားဖွားသင်တန်းကျောင်း	၁	၁	–

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

ရေပတ်လည်ဝိုင်းနေသော ကုန်းမြေမှ လမ်းတံတားပတ်လည်ဝန်းရံနေသော ဒေသအဖြစ်သို့ တိုးတက်ကူးပြောင်းနေသော ဧရာဝတီ၏ မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုကလည်း အားရဖွယ်ဖြစ်သည်။ အထူးသဖြင့် ကျေးလက်လမ်းများ တိုးပွား လာသည်။ ယခင် ကျေးလက်လမ်း ၃၇၆ မိုင် ၂ဖာလုံသာရှိခဲ့ရာမှ ယခု မိုင် ၃၀၀၀ အထိ တည်ရှိလာသည်။ ကျေးလက်လမ်းများ လက်တံအလျားရှည်လျားလာခြင်းသည် ယခင်ရေကြောင်းခရီးကို အားထားလာနေခဲ့ရသောဘဝမှ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းတစ်ခုနှင့် ချိတ်ဆက်မိနေသော ဧရာဝတီတိုင်း၏အလှကို ပြဆိုနေသည်။

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြို့ပြဖွံ့ဖြိုးမှု			
– **မြို့ပြလမ်းများ(မိုင်)**	**၄၉၀/၄**	**၆၁၇/၆**	**၁၂၇/၂**
– ကတ္တရာလမ်းမိုင်	၁၅၅/၁	၂၀၄/၆	၄၉/၅
– ကျောက်လမ်းမိုင်	၈၉/၄	၁၀၁/၄	၁၂/၀
– ဂဝံလမ်းမိုင်	၂၄/၃	၃၅/၇	၁၁/၄
– မြေလမ်းမိုင်	၂၂၁/၄	၂၇၅/၅	၅၄/၁
– **မြို့ပြတံတားများ**	**–**	**၁၃၉၁**	**၁၃၉၁**
– **မြို့ရေပေးရေးလုပ်ငန်း**			
– ဆောင်ရွက်ရမည့်မြို့နယ်	၂၆	၁၁	၁၅
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၁၅	၁၅
ကျေးလက်ဖွံ့ဖြိုးမှု			
– **ကျေးလက်လမ်းများ(မိုင်)**	**၃၇၆/၂**	**၂၉၉၈/၅**	**၂၆၂၂/၃**
– **ကျေးလက်တံတားများ**	**–**	**၃၅၈**	**၃၅၈**
– **ကျေးလက်ရေရရှိရေး**			
– ဆောင်ရွက်ရမည့်ကျေးရွာ	၄၃၅၂	၂၃၆၁	၁၉၉၁
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၂၇၀၀	၂၇၀၀
– **ကျေးလက်အိမ်ရာ**	**မရှိ**	**၁၇၀**	**၁၇၀**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီချီတက်နေသော ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်များဖြစ်ကြသည့် ပြည်နယ်နှင့်တိုင်း(၁၄)ခု၏ မျက်မှောက်ခေတ်ဖွံ့ဖြိုးတိုးတက်မှုကို ကချင်ပြည်နယ်မှ နိဒါန်းစ၍ တင်ပြခဲ့သည်။ ယနေ့တွင် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်လျက် အနားသတ်ခဲ့ပြီ။

ဧရာဝတီမြစ်ကြီးသည် ကချင်ပြည်နယ်မှ မြစ်ဖျားခံကာ ဧရာဝတီတိုင်းမှတစ်ဆင့် မြန်မာပိုင်နက်ပင်လယ်အတွင်း မမိုတ်မသုန် အရှိန်အဟုန်မပျက် စီးဆင်းလျက်ရှိသည်။ ထို့အတူ တပ်မတော်အစိုးရ၏ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည်လည်း နယ်စပ်ဒေသမှအခြေချကာ ပြည်ထောင်စု တစ်ဝန်းလုံးသို့ လွှမ်းခြုံရစ်ပတ်လျက် တောင်စဉ်အထပ်ထပ်ကို ကျော်ဖြတ်ရသော်လည်း ဦးလည်မသုန်၊ အရှိန်အဟုန် မပျက် ခရီးဆက်လျက်ရှိသည်။ အမိမြေအဓွန့်ရှည်သမျှ ကာလပတ်လုံး ခရီးမဆုံး၊ အပြီးမပျက်၊ သားဆက်မြေးစဉ်၊ ပြောထုံးတွင်အောင် ဧရာဝတီမြစ်ကြီးစီးဆင်းနေသကဲ့သို့ တပ်မတော်အစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ် ကြီးက တစည်းတလုံး၊ အမုန်းမဖက်၊ သားဆက်မြေးစဉ်၊ သမိုင်းတွင်အောင်စွမ်းဆောင်ပေးလျက်ရှိနေပေတော့မည်။

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁	၄	၃
– ပြန်/ဆက်ရုံးများ	မရှိ	၃၂	၃၂
– ပြန်/ဆက်စာကြည့်တိုက်များ	၁၁	၃၂	၂၁
– ဌာနဆိုင်ရာစာကြည့်တိုက်	–	၂၀	၂၀
– ကျေးလက်စာကြည့်တိုက်	မရှိ	၁၉၁၇	၁၉၁၇
– e-Library များ	မရှိ	၅	၅

သဘာဝဓာတ်ငွေ့နှင့် လေဆီများ ထုတ်လုပ်လျက်ရှိသည့် ဧရာဝတီတိုင်း ညောင်တုန်းဒေသ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ်အမှတ် (၁၉)ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

ပြည်ထောင်စုနေ့ဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းထွန်းလင်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရင်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ကွမ်းလုံ၊ ဟိုပန်မြို့နယ်တို့မှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် ကွမ်းလုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကွမ်းလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာခင်နှင်းအေး၊ ကွမ်းလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ဝင်းဝင်းမူ၊ ကချင်ယဉ်ကျေးမှုအဖွဲ့မှ ဦးဟောင်းခေါင်း၊ ကွမ်းလုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးနီတုပ်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ကွမ်းလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းစိန်ပွင့်နှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် ကွမ်းလုံမြို့နယ် စည်းရုံးရေးမှူး ဒေါ်တင်တင်လွမ်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိကွမ်းလုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ကွမ်းလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဆောင်ကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာမျိုးထွန်းကလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ကွမ်းလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်စိန်ကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထောက်ခံဆွေးနွေး

ထို့နောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကွမ်းလုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိက အဆိုသုံးရပ်နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသောပြည်သူလူထု၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက တစ်ခဲနက်ထောက်ခံကြောင်း ဆန္ဒပြုကြသဖြင့် ၎င်းအစည်းအဝေးက အတည်ပြုကြောင်း ကြေညာပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၃ ရက်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပြန်ကြားရေးလုပ်ငန်းကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင် တက်ညီလက်ညီ စေတနာထား ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဂုဏ်ပြုခံဝန်ထမ်းများ ကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး လက်ခံယူစဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

အမျိုးသားညီလာခံတက်ရောက်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။
(သတင်းစဉ်)

သာကေတ အထက(၃) အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သာကေတမြို့အထက(၃)ကျောင်း သားကျောင်းသူဟောင်းများ၏ ခြောက်ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မွန်းတည့် ၁၂နာရီက အဆိုပါ ကျောင်းခန်းမကြီး၌ ကျင်းပရာ အပူဇော်ခံ ဆရာ၊ ဆရာမကြီး ၄၃ဦးနှင့် ဂုဏ်ပြုခံနှစ်ဦးတို့အတွက် ပူဇော်ငွေကျပ် ၅၄၀၀၀၀ နှင့် အမိကျောင်းတော်ကြီးအတွက် လှူဒါန်းငွေကျပ် ၁၀၀၀၀၀တို့ကို သက်ဆိုင်သူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

❐ ကျောဖုံးမှ

ဒေါ်မြရင်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ကျောက်မဲမြို့နယ် စည်းရုံးရေးမှူး ဒေါ်ရီမွန်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကျောက်မဲမြို့နယ် စည်းရုံးရေးမှူး ဒေါ်မျိုးအိအိချောတို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ကျောက်မဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ကျောက်မဲခရိုင်သီပေါမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းသီဂီကလည်းကောင်း၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ကျောက်မဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်အုန်းကလည်းကောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းညွန့်ကလည်းကောင်း ဆွေးနွေးတင်ပြသည်။

ထောက်ခံဆွေးနွေး

ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစိုင်းအာရိယျက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိက အဆိုသုံးရပ်နှင့်စပ်လျဉ်း၍တက်ရောက်လာကြသော ပြည်သူလူထု၏ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုက တစ်ခဲနက် ထောက်ခံကြောင်း ဆန္ဒပြုကြသဖြင့် ၎င်းအစည်းအဝေးက အတည်ပြုကြောင်း ကြေညာပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

ကိုယ်စားလှယ်ခုနစ်ဦးတို့သည်လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တည်းခိုမည့် ညောင်နှစ်ပင်စခန်းရှိ အဆောင်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးကြသည်။

စစ်ကိုင်းတိုင်း

အလားတူ အမျိုးသားညီလာခံသို့ တက်ရောက်ကြမည့် စစ်ကိုင်းတိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၆၃ ဦးတို့သည် နံနက်ပိုင်းတွင် မြန်မာ့မီးရထားဖြင့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော် မှတ်တမ်းရုံး တပ်မှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ တည်းခိုဆောင်များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

မကွေးတိုင်း

ထို့အတူ မကွေးတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ် ၅၂ဦးတို့သည်လည်း ညနေ ၆ နာရီတွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းနှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အိပ်ဆောင်များတွင် နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံတက်ရောက်ရန် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကြိုဆိုသူများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မကွေးတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသား ညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ်မြောက် ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ ဘုရင့်နောင်ဈေး သာယာရေးကော်မတီက ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် သွေးလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၇ ရက်တွင် ဘုရင့်နောင်ဈေးသာယာရေးရုံးတွင် ကျင်းပမည်ဖြစ်သည်။ သွေးလှူဒါန်းလိုသော သွေးလှူရှင်များအနေဖြင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉ နှင့် အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၂၈၄၆၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် Han Event Managementတို့ ပူးပေါင်း စီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Champion Ship 2004-2005) စတုတ္ထပွဲစဉ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီခွဲက မြိတ်မြို့ မြိတ်ဂေါက်ကွင်း တီခုံအမှတ်(၁)၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ဖွင့်ပွဲအခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေး၊ မြိတ်ဂေါက်ကလပ်အတွင်းရေးမှူး ဦးတင်အောင်ဝင်းနှင့် I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှုဒါရိုက်တာ ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ဂေါက်သီးရိုက်အားကစားသမား ၄၁ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုများပေးအပ်ချီးမြှင့်

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၆ နာရီခွဲက မြိတ်ဂေါက်ကလပ် မြက်ခင်းပြင်၌ ကျင်းပသည်။ ရှေးဦးစွာ I.B.T.C ကုမ္ပဏီမှ တာဝန်ရှိသူများက နှစ်သိမ့်ဆု၊ အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Par ဆုနှင့် Most Birdies ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် I.B.T.C ကုမ္ပဏီမှ အရည်အသွေး ထိန်းသိမ်းမှု ဒါရိုက်တာဦးတင့်ဦးက ပထမဆုရရှိသော ဦးကျော်ဟိန်း၊ ဒုတိယဆုရရှိသော ဦးအောင်သန်းနှင့် တတိယဆုရရှိသော ဦးဝင်းသိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ဖွင့်ပွဲအခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (က-ပ)

Grand Royal Special Reserve Golf Championship ၏ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို မတ် ၆ ရက်တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ် (ရန်ကုန်)၊ ဒုတိယပွဲစဉ် (မန္တလေး)၊ တတိယပွဲစဉ်(လားရှိုး)နှင့် စတုတ္ထပွဲစဉ် (မြိတ်)တို့မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားလေးဦးစီ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိကြမည်ဖြစ်သည်။

ကူညီပံ့ပိုး

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co Sponsors များ ဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club Soda၊ Ping(Pan Dagon Int'l Ltd.) နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၁၂ ရက်က မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ သီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန် ပထမဆင့်)က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဘုန်းတော်ကြီးကျောင်းတည် ဆောက်ရေးအတွက် အသင်းဝင်များ စုပေါင်း လှူဒါန်းငွေ ကျပ်၁၀ သိန်းကို ဘုန်းတော်ကြီးကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုက်ကြီးမြို့ အုန်ကုန်းဘုရားကျောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့ ဈေးရပ်ကွက် မြို့လယ်လမ်းတွင်တည်ရှိသော အုန်ကုန်း ဗုဒ္ဓဘာသာ တရုတ်ဘုရားကျောင်း၏ ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပပြုလုပ်သည့် ၂၀၀၅ ခုနှစ် (၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွာဘုရားနှင့် အုန်ကုန်းဘိုးတော်မြို့တွင်း လှည့်လည် အပူဇော်ခံပွဲနှင့် ဘုရားပွဲတော်ကို ဖေဖော်ဝါရီ၂၄ ရက်မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားနှင့် အုန်ကုန်းဘိုးတော် မြို့တွင်း လှည့်လည်အပူဇော်ခံပွဲကို ဖေဖော်ဝါရီ၂၄ ရက် နံနက် ၇ နာရီမှစတင်၍လည်းကောင်း၊ အုန်ကုန်းဘိုးတော်၏ မွေးနေ့မင်္ဂလာပွဲကို ဖေဖော်ဝါရီ၂၆ရက်တွင်လည်းကောင်း စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။ **(က-ပ)**

ရွှေစွန်ညီ ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ကကြီးမှူး၍ ဂျင်နရယ်ကုမ္ပဏီများဂရုပ်နှင့် ဂရိတ်ဝေါလ်ဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့မှ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် နှစ်(၄၀)မြောက် ရွှေစွန်ညီကြက်တောင်အသင်း နှစ်ပတ်လည် ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ ရက် ညနေပိုင်းက လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမတွင် ကျင်းပသည်။

ဆုများချီးမြှင့်

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် နာယက ဦးဇော်လေး၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ **(အောက်ပုံ)**နှင့် တာဝန်ရှိသူများက အမျိုးသား(၁၀)တန်း၊ အမျိုးသမီး(၂)တန်း၊ ကျား+မ နှစ်ယောက်တွဲ(၃)တန်း စုစုပေါင်းအတန်း(၁၅)တန်း၌ ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အဂ္ဂမဟာသီရိသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ သီဟသုဓမ္မသီဂီ လူမှုထူးချွန် (ပထမဆင့်)ဒေါ်မိမိခင်က ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲနှင့် ဂရိတ်ဝေါလ် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆုရ ထူးချွန်အားကစားမောင်မယ်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အမှတ်တရလက်ဆောင်ပေး

၎င်းနောက် ရွှေစွန်ညီကြက်တောင်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက အထူးကြိုးစားမှုဆုရရှိသူများ၊ အတိုးတက်ဆုံး အားကစားသမားဆုရ တေဇာဖြိုး (ရွှေစွန်ညီ)၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ခင်ကေသီလွင် (ငှက်ခါး)နှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ အောင်ကြည်မင်း (ရွှေစွန်ညီ)တို့အား ဆုများချီးမြှင့်သည်။ ဆက်လက်၍ ဦးခင်လှိုင်က ပြိုင်ပွဲအား ပံ့ပိုးကူညီသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နာယက ဦးကြည်ညွန့်၊ ကြက်တောင်ချစ်သူများဖြစ်ကြသည့် ဦးကျော်၊ ဦးစိုးမြင့်နှင့် ဦးကြူးရှောင်တို့ သုံးဦးအား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ဒိုင်အဖွဲ့ကိုလည်း အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စက်မှုဇုန် ၁၀ ဇုန်မှ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသသည့် စက်မှုဇုန်များ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၂ ရက် (ပြည်ထောင်စုနေ့) က ဒဂုံတောင်အားကစားကွင်းတွင်ကျင်းပရာ ထုတ်ကုန်ပစ္စည်းများနှင့် အရောင်းပြခန်း ပထမဆုရ စက်မှုဇုန် အမှတ်(၂) ဥက္ကဋ္ဌ ဦးအောင်မြင့်အား အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည် ဆုချီးမြှင့်စဉ်။ (က-ပ)

နေရာကွက်၍လေပြင်းတိုက်ခတ်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းရပ်ဝန်းကြောင့် ယနေ့ ညနေမှ နောက် ၄၈ နာရီအတွင်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ တစ်နာရီလျှင် မိုင် ၄၀ ခန့်အထိ လေပြင်း ခေတ္တတိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဆေးဝါးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

USV Limited က ထုတ်လုပ်သော ဆီးချိုရောဂါ၏ နောက်ဆက်တွဲရောဂါကာကွယ်ဆေးဖြစ်သော အဆီချဆေး Lipicard (Micronised Fenofibrate 200 mg) နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးများမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ သမားတော်ကြီးများ၊ USV Limited မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် USV Ltd. မှ Country manager, Mr. Sanjeev Kumar Gupta က မိတ်ဆက်စကားနှင့် ဆွေးနွေးပွဲ သဘာပတိ ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ပါမောက္ခဒေါက်တာစောနိုင် **(အပေါ်ပုံ)** က အမှာစကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့ ဆေးရုံကြီးမှ Endocrinologist Dr. Rama Chandra G. Naik က ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူတာအိုမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ပူတာအိုမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် မီလီမီတာ ၄၀ (၁ ဒသမ ၅၈ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၉ နှစ်အတွင်း ဖေဖော်ဝါရီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၃၄ မီလီမီတာ (၁ ဒသမ ၃၄ လက်မ) ဖြစ်ပြီး ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက်က မအူပင်မြို့နယ် ခြောက်ရွာအုပ်စုတွင် ကျင်းပရာ အလင်းရောင်စာကြည့်တိုက်ကို မြို့နယ် ဦးစီးမှူး ဦးအောင်စိုးနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုးဝင်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်မှု စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့် ကြည့်ရှုစစ်ဆေး

မကွေး ဖေဖော်ဝါရီ ၇

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်များက မကွေးတိုင်းအတွင်းရှိ မြို့နယ်များ၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်မှုများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

မကွေးမြို့နယ်

ရှေးဦးစွာ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တွင်းတူးစက်ကြီးဖြင့် တူးဖော်ပေးနေသည့် သပြေစမ်း(မြောက်)ကျေးရွာ စက်ရေတွင်း ရေစမ်းသပ်မှတ်တင်မှုကို သွားရောက်စစ်ဆေးသည်။ စက်ရေတွင်းမှာ အနက်ပေ ၆၄၀၊ ရေထွက်နှုန်း ၁ နာရီလျှင် ရေဂါလန် ၂၅၀၀ ထွက်ရှိပြီး အဖွဲ့ရန်ပုံငွေ ၇၇ ဒသမ ၆ သိန်းဖြင့် တူးဖော်အောင်မြင်ခဲ့ခြင်းကြောင့် ကျေးရွာရှိ အိမ်ခြေ ၅၀၊ လူဦးရေ ၂၅၀ ကျော်နှင့် ပတ်ဝန်းကျင်ရေရွာများပါသည့် ကျေးရွာများမှ ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိသုံးစွဲနိုင်ပြီဖြစ်သည်။

ရေနံချောင်းမြို့နယ်

ဆက်လက်၍ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တွင်းတူးစက်ကြီးဖြင့် နှောကန်ကျေးရွာတွင် စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ စက်ရေတွင်းပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၈၀၊ လူဦးရေ ၄၅၀နှင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်မည် ဖြစ်သည်။

ရေစကြိုမြို့နယ်

ဖေဖော်ဝါရီ ၅ ရက်က ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် လက်ပံပင်ကျေးရွာ စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးပြီး မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တွင်းတူးစက်ကြီးဖြင့် ရွာကုန်းကျေးရွာတွင် စက်ရေတွင်း တူးဖော်မှုကိုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝက်ကျကျေးရွာတွင် နိုင်ငံတော်မှ ထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေ စုစုပေါင်း ကျပ် ၈၂ ဒသမ ၉ သိန်းဖြင့် တူးဖော်ခဲ့ပြီးသော စက်ရေတွင်းနှင့် ကျောက်ဖူး ကျေးရွာ အလှူရှင်စက်ရေတွင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ပခုက္ကူမြို့နယ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ပခုက္ကူခရိုင် အတွင်းရှိ ပခုက္ကူ၊ ဆိပ်ဖြူ၊ ပေါက်၊ မြိုင်နှင့် ရေစကြိုမြို့နယ်များမှ အမှုဆောင်အရာရှိများ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံကာ ပခုက္ကူခရိုင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းများ အမြန်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပခုက္ကူခရိုင်ရှိ မြို့နယ် ငါးမြို့နယ်တွင် ရေရရှိရေး ဆောင်ရွက်ပေးရန် ကျေးရွာပေါင်း ၃၃၅ ရွာရှိသည့်အနက် ယခုအချိန်ထိ ၂၃၉ ရွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

နမ့်ခမ်းမြို့တွင် စာကြည့်တိုက်ဖွင့်ပွဲများ ကျင်းပ

နမ့်ခမ်း ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် ကောင်းကတ်ကျေးရွာတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ဆန်းကြယ်ရောင်စဉ် စာကြည့်တိုက်ကိုလည်းကောင်း၊ ယင်းနေ့ မွန်းတည့် ၁၂ နာရီက ပတ်မာဒိန်ဆာကျေးရွာတွင် အောင်ချမ်းသာစာကြည့်တိုက်ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက တာကွန့်ကျေးရွာတွင် လပြည့်ဝန်းစာကြည့်တိုက်ကို လည်းကောင်း**(အောက်ပုံ)**၊ ယင်းနေ့မွန်းလွဲ ၁ နာရီက ပန်းဆေးကျေးရွာတွင် ကုန်မြင့်သာစာကြည့်တိုက်ကို လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မန်စပ်ကျေးရွာတွင် မြတ်ပညာစာကြည့်တိုက်ကို လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါစာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဆန်းဝင်းနှင့် ကောင်းကတ်ကျေးရွာ ဥက္ကဋ္ဌ ဦးဇော်တောင်း၊ ပတ်မာဒိန်ဆာ ဥက္ကဋ္ဌ ဦးဇော်ဖန်၊ တာကွန့်ကျေးရွာ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ပန်းဆေးကျေးရွာ ဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် မန်စပ်ကျေးရွာ ဥက္ကဋ္ဌ ဦးကျော်ဘတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေးဟောပြော

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဆွေးနွေး ဟောပြောပြီး စာအုပ်များ လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖူးပွင့်ဝေ စာကြည့်တိုက်ဖွင့် ငွေပဒေသာပင်စိုက်ထူ

မကွေး ဖေဖော်ဝါရီ ၉

ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားရေးအတွက် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ မြင်းစိုင်းကျေးရွာ ဖူးပွင့်ဝေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်မောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွှန့်ဝင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇောလင်းတို့က အမှာစကားပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်အတွက် အလှူရှင်များက ငွေကျပ် ၁၂၅၀၀၀ ကို ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပြီး သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်နှင့် စာအုပ်မျိုးစုံ ၃၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျွန်းလှမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် ရန်ပုံငွေလှူဒါန်း

ကျွန်းလှ ဇန်နဝါရီ ၃၀

ကျွန်းလှမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု သရက်တထောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး သုတပျိုးခင်း စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဦးအုန်းသန်း၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးပေါ်နှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ နာယက ကျောင်းအုပ်ဆရာကြီး ဦးဌေးရှောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးပေါ်၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းသန်း၊ လက်ထောက်ပညာရေးမှူး ဦးစိန်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းမောင်တို့ကအမှာစကားပြောကြားကြပြီးရဲအုပ်ဝင်းထွန်းက အလှူရှင်များကိုယ်စား သုတ၊ ရသစာအုပ်မျိုးစုံ ၅၅၈အုပ်နှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ရန်ပုံငွေကျပ် ၂၇၅၀၀ ကို ဦးတင်သောင်းက ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက်တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း ပြသထားသော စာအုပ်စာစောင်များ၊ သုတ၊ ရသစာပေများကို လေ့လာဖတ်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

လယ်တီကျေးရွာနှင့်ပုသိမ်–မုံရွာလမ်းသို့ ဆက်သွယ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းနှင့် ကွန်ကရစ်တံတားဖွင့်

ပန်းတောင်း ဖေဖော်ဝါရီ ၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် လယ်တီကျေးရွာနှင့် ပုသိမ်–မုံရွာလမ်းသို့ ဆက်သွယ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းနှင့် ကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦးထိပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) အုပ်ချုပ်ရေးမှူး ဦးဖေသန့်၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးဘဝင်းနှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေစန်းတို့က လမ်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းနှင့် ကွန်ကရစ်တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ မဏ္ဍပ်အတွင်း၌ အခမ်းအနားကိုကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း)အုပ်ချုပ်ရေးမှူး ဦးဖေသန့်**(ယာပုံ)**က အမှာစကားပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းမှာအလျားပေ ၃၉၆၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းဖြစ်ပြီး နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ပြည်သူများမှ ထည့်ဝင်ငွေကျပ် ငါးသိန်းဖြင့် ဖောက်လုပ်ခဲ့ပြီး လမ်းပေါ်ရှိ ၁၃ ပေ၊ ၁၂ ပေ ချောင်းကူး ကွန်ကရစ်တံတားကို နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ငါးသိန်း၊ ပြည်သူများမှ ထည့်ဝင်ငွေကျပ် ငါးသိန်းတို့ဖြင့် တည်ဆောက်ခဲ့ကြောင်းသိရသည်။**(က–ပ)**

ကျိုက်ထိုမြို့နယ် စည်ပင် သာယာရေး အဖွဲ့က ကျောက်ရေတွင်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၅ ရက်က ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရစဉ်။

(၁၆၈)

တောင်ငူမြို့ ဇေယျာသီရိမိဘမဲ့ ပရဟိတဂေဟာ အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

တောင်ငူ ဖေဖော်ဝါရီ ၇

တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးကလေးများ ပရဟိတဂေဟာရှိ ကလေးများအား ဖေဖော်ဝါရီ ၁ရက်က သတင်းထောက် ဦးကျော်လှ(တောင်ငူ)၏ (၆၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သမာဓိမိသားစုက တစ်နေ့စာ ကျွေးမွေး၍ အဝတ်အထည်များ၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် ဘောပင်များ ပေးအပ်လှူဒါန်းပွဲကျင်းပရာ ဂေဟာကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါ်မေဒိနီက လက်ခံရယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။(အပေါ်ပုံ)

အဆိုပါ ပရဟိတဂေဟာတွင် တစ်နှစ်အရွယ်မှ ၁၉နှစ်အရွယ်ထိ မိဘမဲ့ မိန်းကလေး ၅၁ဦးရှိသည့်အနက် ကျောင်းနေအရွယ် ၄၀မှာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရပ်များကို တက်ရောက်ပညာသင်ကြားလျက်ရှိကြသည်။

ဇေယျာသီရိ မိဘမဲ့အမျိုးသမီးကလေးများ ပရဟိတဂေဟာသို့လှူဒါန်းလိုသူအလှူရှင်များ ဒေါ်မေဒိနီ ဖုန်း–၀၅၄–၂၃၁၀၄နှင့် ဦးမြင့်ညို ဖုန်း–၀၅၄–၂၄၂၄၀၊ ၂၄၂၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၇၂)**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင် ပြုစုထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်

ရေတာရှည် ဖေဖော်ဝါရီ ၃

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ရက် နံနက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနရုံးသို့ ရောက်ရှိပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးဥက္ကာနှင့် တောအုပ်ကြီးများအား တွေ့ဆုံကာ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင် ပြုစုထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို တွေ့ဆုံမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဥက္ကာနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသော ကျွန်းအထူးစိုက်ခင်းများရှိရာ သာဂရအနောက်သစ်တော ကြိုးဝိုင်းစိုင်းရ(၇၃)သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့အား မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဌေးက ကျွန်းအထူးစိုက်ခင်း ဧက ၃၈၀၀စိုက်ပျိုးထားရှိမှု ကွင်းများအခြေအနေ၊ အပင်များ ပြုစုစောင့်ရှောက်ခြင်းနှင့် ၂၀၀၅–၂၀၀၆ခုနှစ်တွင် တိုးချဲ့ဆောင်ရွက်မည့် ကျွန်းအထူးစိုက်ခင်းဧက၁၄၀၀ အတွက် ပျိုးထောင်ထားသည့်အခြေအနေ၊ တောင်ယာခုတ်ထွင်ရှင်းလင်းပြီးစီးမှုနှင့် မီးဘေးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။**(အောက်ပုံ)** **(က–ပ)**



ဇီးကုန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်း ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကိုဖေဖော်ဝါရီ၂၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ကုန်သွယ်/လယ်ယာဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ် (ရွှေတိဂုံစေတီတော်၊ အရှေ့ဘက်စောင်းတန်း)တွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များသည် အသက်(၈၀)နှင့်အထက်၊ အသင်းဝင်နှင့် အသင်းဝင်များ၏ မိဘများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ ပညာရည်ချွန်ဆု အတန်းလိုက်(ပထမ) (သို့မဟုတ်) ဘာသာရပ်ထူးချွန်ဆု(ပထမ)ရရှိသူ အသင်းသားများ၏ သားသမီးများ လိုအပ်သော အမှတ်စာရင်းအထောက်အထားများနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဦးအုန်းကျော် ဖုန်း–၅၇၃၀၂၁၊ ဦးကျော်ဝင်း ဖုန်း–၂၀၂၉၉၁၊ ဦးအေးသောင်း ဖုန်း–၃၇၈၇၉၁၊ ဦးညွန့်စိန် ဖုန်း– ၅၈၄၇၁၅၊ ဦးထွန်းအောင် ဖုန်း–၅၀၁၅၃၆၊ ဦးမြင့်ဆွေ ဖုန်း–တစ်ဆင့် ၆၄၁၀၈၃ တို့သို့ ဆက်သွယ်ရန်နှင့် မြို့နယ်သူမြို့နယ်သားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မောင်တောမြို့နယ်၌ အုတ်ရေမြောင်းများတူးဖော်

မောင်တော ဇန်နဝါရီ ၃၁

မောင်တောမြို့တွင် မြို့ရွာသန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မောင်တောမြို့နယ်အတွင်း လမ်းဘေးအုတ်ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ရက်က မြို့တွင်း လမ်းရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် မြို့မ ဈေးတာဝန်ခံ ဦးအောင်ထွန်းကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။**(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအနီး အင်ကြင်းလမ်းနှင့် ဈေးသစ်လမ်းထောင့်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၁ရက်က ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံ လက်ထောက် အင်ဂျင်နီယာ ဒေါ်မာလာကျော် တို့ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ညောင်ဦး ပြည်သူ့ဆေးရုံဝန်းကျင် စုပေါင်းသန့်ရှင်း

ညောင်ဦး ဖေဖော်ဝါရီ ၁၂

ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၅ရက် နံနက် ၅နာရီက ခရိုင်ပြည်သူ့ဆေးရုံဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးကြသည်။

စုပေါင်းသန့်ရှင်း

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲတွင် ညောင်ဦးခရိုင်ရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အသီးသီးမှ ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကြည့်ရှုစစ်ဆေး

ငပုတောမြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်ဦးနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီအဖွဲ့ဝင်များ ဇန်နဝါရီ၂၅ရက်က ဟင်းအိုးချောင်းကျေးရွာ လယ်သမားတစ်ဦး စိုက်ပျိုးထားသော နှမ်းစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ၃ရက်က ကျင်းပသော ပညာရေး စုံညီပွဲတော်တွင် ပဲခူးမြို့နယ် ဘက်စုံထူးချွန်ပထမဆု၊ မြို့နယ်အဆင့် ကျောင်းတွင်းဘက်စုံလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ပထမဆုနှင့် မြို့နယ်ပထဝီထူးချွန် ဒုတိယဆုရ အထက (၃) ပဥ္စမတန်း (က)မှ မအေးမိုမိုဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်ဦးက ဆု ချီးမြှင့်စဉ်။
(ခရိုင် ပြန်/ဆက်)

နှမ်းစပါးစိုက်ပျိုးရေး တိုးမြှင့်ဆောင်ရွက်

ဖယ်ခုံ ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် ၂၀၀၄–၂၀၀၅ခု နှမ်းစပါး စိုက်ပျိုးရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဇန်နဝါရီ ၂၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်တို့ ဦးဆောင်သော စိုက်တိုးမြှင့်အဖွဲ့က မိုးဗြဲကျေးရွာအုပ်စုသို့ ကွင်းဆင်းစစ်ဆေးသည်။ လက်ရှိ ရွှေရင်အေးမျိုးစပါးစိုက်ပျိုးပြီး ကိုးဧက၊ ပျိုးထောင်ပြီး ဧက၁၃၂၀နှင့် စိုက်ပျိုးမြေပြုပြင်ပြီး ဧက၆၇၀တို့တွင် လျာထားချက် ပြည့်မီကျော်လွန်နိုင်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က–ပ)**

အင်းစိန်မြို့နေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ကျင်တီအားရည်စူး၍ ပဲခူးမြို့နေ ဒေါ်မြိုင်မြိုင်နှင့် သား ဦးမိုးကျော်အောင် ဒေါ်နှင်းစုလှိုင်၊ မြေးမဟန်နီစုအောင်၊ မကေဇင်စုအောင်၊ မောင်ရာဇာအောင်တို့က အင်းစိန်မြို့ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အသင်းနာယက ဦးစိန်မောင်နှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။
(က–ပ)

၂၀၀၅ခုနှစ် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်
ကောင်းထက်စံ မိသားစုဝန်ဆောင်မှုကုမ္ပဏီလီမိတက်

တမူးမြို့
၂၃-၂-၂၀၀၅ မှ ၂၇-၂-၂၀၀၅
စက်ရောင်ဘီလူးခန်းမ

ကောင်းထက်စံ မိသားစုဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ ဦးစီးကျင်းပသော တမူးမြို့ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီးကို ဖေဖော်ဝါရီ၂၃ရက်မှ ၂၇ ရက်နေ့အထိလည်းကောင်း၊ ကလေးမြို့၌ မတ် ၂ရက်မှ ၆ရက်နေ့အထိလည်းကောင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ပါဝင်ရောင်းချလိုသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များသည် ဖုန်း-၃၇၀၀၁၁သို့ အမြန်ဆက်သွယ်နိုင်ပါကြောင်း။

ဒေါ်စမ်းမြင့် (ဒါရိုက်တာ၊ ကောင်းထက်စံ မိသားစုဝန်ဆောင်မှုကုမ္ပဏီလီမိတက်) အမှတ်၂၀၄၊ ၂၉လမ်း၊ အခန်း(၅)၊ သုံးလွှာ၊ ဖုန်း-၃၇၀၀၁၁။

ကလေးမြို့
၂-၃-၂၀၀၅ မှ ၆-၃-၂၀၀၅
အားကစားခန်းမ

(၁၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ဆရာ **ဦးကြည်လင်း** - ဆရာမ **ဒေါ်ချိုချိုမာ**
(စိန်ဘယက်ဆေးတိုက်)၏
၁၄-၂-၂၀၀၅ ရက်တွင် ကျရောက်သော
(၁၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည်
နှစ်ပေါင်း(၁၀၀)တိုင် မိသားစုနှင့်အတူ
ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

မေမေ - ဒေါ်တင်မြ၊ ဒေါ်ရင်နွဲ့နှင့် ညီ၊ ညီမများ။



ကန့်ကွက်ရန် ကြော်ငြာစာ

တောင်ကြီးမြို့ ဟော်ကုန်းရပ်ကွက်၊ အိမ်အမှတ် ၇၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ ဦးပိုင်အမှတ် ၁၂၁ရှိ မြေကွက်အား ဦးကင်ယုံခန်းမှ နေထိုင်ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးကင်ယုံခန်း၏မြေးများဖြစ်ကြသော ဦးတင်ကြည်လှိုင်၊ ဒေါ်တင်ကြည်မေ၊ ဒေါ်တင်ကြည်ကြည်၊ ဦးတင်ကြည်ခိုင်၊ ဒေါ်နီနီမြင့်တို့က ဂရန်သစ်လျှောက်ထားလိုပါသောကြောင့် ယနေ့မှစ၍ ရက်ပေါင်း ၃၀အတွင်း အထောက်အထားအပြည့်အစုံဖြင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့တွင် ကန့်ကွက်နိုင်ပါကြောင်း။ **မြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ကြီး။**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနတွင် အောက်ပါမဟာဘွဲ့သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည်	-	Web Based Teaching System for M.Sc(Computer Science)
၂။ ချီးမြှင့်မည့်ဘွဲ့	-	မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) M.Sc(Computer Science)
၃။ သင်တန်းဝင်ခွင့်အရည်အချင်း	-	တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာ တက်ရောက်ပြီးသူများ (သို့မဟုတ်) မဟာဘွဲ့ဆက်တက်ရန် အရည်အချင်းပြည့်မီသောသူများ ဖြစ်ရမည်။
၄။ သင်တန်းကာလ	-	အနည်းဆုံး(၂)နှစ်၊ Module 16 ခု
၅။ သင်တန်းချိန်	-	မိမိကြိုက်နှစ်သက်ရာ အချိန်တွင် အင်တာနက်မှ တစ်ဆင့်သင်ယူနိုင်သည်။
၆။ လက်ခံမည့်သင်တန်းသားဦးရေ	-	ကန့်သတ်ထားခြင်းမရှိပါ။
၇။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	-	၂၄-၂-၂၀၀၅ရက် (ကြာသပတေးနေ့)
၈။ လျှောက်လွှာစတင်လက်ခံမည့်ရက်	-	အင်တာနက်မှတစ်ဆင့် ၁၅-၂-၂၀၀၅ ရက်မှစ၍ လျှောက်ထားနိုင်သည်။
၉။ ဆက်သွယ်ရမည့်လိပ်စာ	-	ကွန်ပျူတာသိပ္ပံပညာဌာန(ULB)၊ ရန်ကုန်တက္ကသိုလ်

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်းကွန်ပျူတာသိပ္ပံပညာဌာန (ဖုန်း-၅၃၆၆၃၅)နှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားရေးရာဌာန ဖုန်း-၅၃၄၃၉၀သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

www.wbts.Com.mm

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောမင်းမင်းထွန်း ၃/လဘန(နိုင်)၀၄၅၂၂၀ ၏ P.S.C. R.B လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၅၇၉၈၄၇။**



ဖေဖော်ဝါရီ ၇ ရက်က ဒလမြို့နယ် အမက(၁၈) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲတွင် မြို့နယ်ဘာသာစုံ၊ ဘက်စုံဆုရ စတုတ္ထတန်းမှ မအိမ်ဂျူလိုင်မိုးအား ဒလမြို့နယ် မြို့နယ်ပညာရေးမှူးက ဆုချီးမြှင့်စဉ်။ (က-ပ)

မော်ကျွန်းနာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၄

မော်လမြိုင်ကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ရက်က မဟာဗန္ဓုလ (၁)လမ်းထိပ်ရှိ နာရေးကူညီမှုအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော ဦးကျင်မောင်-ဒေါ်စန်းလှ ကျားကမ္ဘာမိသားစု ဘုရင့်နောင်ပွဲရုံ ရန်ကုန်မြို့က အလှူငွေကျပ်တစ်သိန်း၊ ဦးဝင်းဖေ-ဒေါ်ရှုလျှံစိန်ကွန်ချာမိသားစု အမှတ် ၁၅၊ ၁၄၉လမ်း၊ ကျောက်မြောင်း ရန်ကုန်မြို့က အလှူငွေကျပ်နှစ်သောင်းနှင့် ဦးကိုကိုနိုင်-ဒေါ်သန်းသန်းအေး မိသားစု အမှတ် ၁၇၊ အောင်ဆန်း ၅လမ်း၊ မော်လမြိုင်ကျွန်းမြို့က အလှူငွေကျပ် သုံးသောင်းတို့အား အလှူရှင်များကိုယ်စား ဦးမိုးကျော်က ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးတုတ်က လက်ခံရယူသည်။ **(အပေါ်ယာပုံ)**

လှူဒါန်းနိုင်

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် မော်လမြိုင်ကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့ အလှူငွေများ လှူဒါန်းလိုပါက ဦးအောင်ထိန် ရုံး အဖွဲ့မှူး နာရေးကူညီမှုအသင်းတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၉၇)

ဆွမ်ပရာဘွမ်၌ ရေနုတ်မြောင်းတူးဖော်

ဆွမ်ပရာဘွမ် ဖေဖော်ဝါရီ ၂

ဆွမ်ပရာဘွမ်မြို့တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဒေဝအောင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဇန်နဝါရီ ၃ ရက်က ဆွမ်ပရာဘွမ်မြို့တွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများတူးဖော်ကြသည်။

(မြို့နယ်စည်ပင်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် အမျိုးသားညီလာခံကျင်းပရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံကျင်းပမည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပမည့် ပြည်ထောင်စုခန်းမ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့သည် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေ ၄ နာရီခွဲတွင် အမျိုးသား ညီလာခံကျင်းပမည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ရောက်ရှိကြပြီး ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်၌ ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့်အဖွဲ့ဝင်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပမည့် ပြည်ထောင်စုခန်းမပြင်ဆင်ထားမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အမျိုးသားညီလာခံအတွက် အထောက်အကူပြုကြမည့် ဝန်ထမ်းများအတွက် စားရိပ်သာပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များ အိပ်ဆောင်နှင့် အပန်းဖြေဆောင် ပြင်ဆင်ထားမှု၊ တယ်လီဖုန်းနှင့် ရုပ်မြင်သံကြားစက်များ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တာဝန်ရှိသူများမှာကြား

ထို့နောက် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းအရောင်းဆိုင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် စာအုပ်အငှားဆိုင်၊ မွန်မွန်လှရိပ်မြုံ၊ မောင်ချစ်စတိုးအပ်ချုပ်ဆိုင်နှင့် ***စာမျက်နှာ ၅ ကော်လံ ၅*** ■

အမျိုးသားညီလာခံတက်ရောက်ကြမည့် ကိုယ်စားလှယ်များ ရန်ကုန်မြို့ဆက်လက်ရောက်ရှိ တည်းခိုဆောင်များသို့ ပို့ဆောင်ပေး

အမျိုးသားညီလာခံ တက်ရောက်ရန် ရခိုင်ပြည်နယ်မှ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ကြိုဆိုသူများနှင့် အတူတွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားညီလာခံသို့တက်ရောက်ကြမည့် အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိလာကြသည်။နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၃၀နှင့် ချင်းပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် သုံးဦးတို့သည် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ ချင်းပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်သုံးဦးနှင့် မန္တလေးတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်တစ်ဦးတို့သည်လည်းကောင်း၊ ညနေပိုင်းတွင် ချင်းပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ကိုးဦးနှင့် စစ်ကိုင်းတိုင်းမှ အမျိုးသားညီလာခံ ***စာမျက်နှာ ၁၂ ကော်လံ ၁*** ✻

ပြည်ထောင်စုနေ့ဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် နောင်ပိန်စံပြကျေးရွာ၌အခမ်းအနားကျင်းပ

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်း အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် နောင်ပိန်စံပြကျေးရွာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် နောင်ပိန်စံပြကျေးရွာ၌ ကျင်းပသည်။

အင်တိုက်အားတိုက်တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး၊ တွဲဖက်အတွင်းရေးမှူး ဦးအေးသောင်းနှင့် အလုပ်အမှုဆောင်များ၊ ကျောက်မဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊အမှုဆောင်များ၊ အသင်းဝင်များ၊ နောင်ပိန်တိုက်နယ်ကျေးရွာ ခြောက်အုပ်စု၊ ပုံဝိုးတိုက်နယ်ကျေးရွာ ၁၀ အုပ်စုရှိ ကျေးရွာများမှစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်သူ့အင်အား ၂၀၀၀ကျော်တို့က အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကျောက်မဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကိုကို က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျောက်မဲမြို့နယ် နောင်ပိန်စံပြကျေးရွာ မြို့မိမြို့ဖ ဦးခွန်းလူး၊ အမျိုးသမီးရေးရာအဖွဲ့မှဒေါ်ခမ်းစိန်၊ နောင်ပိန်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးညိုဝင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ***စာမျက်နှာ ၁၂ ကော်လံ ၅*** ❐